# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်နေ့ | ၂၀၂၅ ခုနှစ်၊ ဇွန် ၁၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်(၂၄၉)


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း သောက်သုံးရေလုံလောက်စွာရရှိရေး ထိရောက်လျင်မြန်သောအစီအမံ (Quick Win Plan)ဖြင့် ဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

## ယနေ့ ဖတ်စရာ


**မန္တလေးလျှင်ကြီးကြောင့် ပျက်စီးသွားသော ဆေးရုံအဆောက်အအုံနှင့် ခွဲစိတ်ခန်းများ ပြုပြင်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ**

ပြည်တွင်းသတင်း စာ ၇



**ဝါစိုက်ပျိုးရာ ကတင်ရွာ**

ဆောင်းပါး စာ ၁၀

**မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) လျှင်ဒဏ်သင့်ဒေသများသို့ သွားရောက်၍ အလှူငွေများ ထောက်ပံ့လှူဒါန်း**

ပြည်တွင်းသတင်း စာ ၁၁

# ကြီးကျယ်မြင့်မြတ်သည့် မဟာသမယ

မြန်မာ့ ၁၂ လတွင် နယုန်လသည် တတိယမြောက်လဖြစ်၍ နွေဥတု၏ နောက်ဆုံးလဖြစ်ပြီး မိုးသေးမိုးဖွဲတို့ စတင်ရွာသွန်းသည့် ကာလလည်းဖြစ်သည်။ သို့ဖြစ်ရာ ရှေးဘုရင်များလက်ထက်အခါက နယုန်လတွင် လယ်ထွန်မင်္ဂလာပွဲကို ကျင်းပကာ ဘုရင်မင်းများကိုယ်တိုင် ပါဝင်ဆင်နွှဲခြင်းဖြင့် နိုင်ငံ၏ ပင်မစီးပွား၊ နိုင်ငံသားတို့၏ အဓိကစားစရာ ဆန်စပါးစိုက်ပျိုးရေးကို အားပေးခဲ့ကြသည်။ ထို့အပြင် နယုန်လတွင် သာသနာတော်တိုးတက်ထွန်းကားရေးနှင့် ရဟန်းပညာရှိ၊ လူပညာရှိများ ပေါ်ထွန်းလာရေးတို့အတွက် စာတော်ပြန်ပွဲများကိုလည်း ဘုရင်မင်းအဆက်ဆက်တို့က အလေးထားကျင်းပခဲ့ကြသည်။

ဘာသာရေးပွဲသဘင်အနေအားဖြင့်မူ နယုန်လပြည့်နေ့သည် မြတ်စွာဘုရားရှင် မဟာဝုန်တောသို့ကြွရောက်ကာ စကြဝဠာတိုက်တစ်သောင်းမှ ရောက်ရှိလာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား မဟာသမယသုတ်ကို ဟောကြားတော်မူသည့်နေ့ဖြစ်ပြီး ဤသည်ကိုအစွဲပြု၍ နောင်အခါတွင် နယုန်လပြည့်နေ့ကို မဟာသမယအခါတော်နေ့အဖြစ် ကျင်းပလာခြင်းဖြစ်သည်။ မဟာသမယသုတ် ဖြစ်ပေါ်လာရခြင်းအကြောင်းမှာ မြတ်စွာဘုရားရှင်လက်ထက် မဟာသက္ကရာဇ် ၁၀၈ ခုနှစ်တွင် မဇ္ဈိမဒေသ၌ မိုးခေါင်ရေရှားမှုဖြစ်ပွားရာ စိုက်ရေးပျိုးရေးအတွက် ရောဟနီမြစ်မှရေကို အားကိုးအားထားပြုနေကြရသည့် နှစ်ပြည်ထောင်ဖြစ်သော ကပိလဝတ်နှင့် ကောလိယတို့မြစ်ရေကို သူပိုင်သည် ငါပိုင်သည် ငြင်းခုန်ကြရာမှ တင်းမာမှုမြင့်သထက် မြင့်တက်လာပြီး စစ်ခင်းရန်ပြင်ဆင်သည့်အခြေအနေသို့ ရောက်ရှိလာခဲ့သည်။

စစ်ဖြစ်လုဆဲဆဲတွင် မြတ်စွာဘုရားရှင်ရောက်ရှိလာပြီး နှစ်ပြည်ထောင်မင်းတို့အား မြစ်ရေ၏တန်ဖိုးနှင့် လူ့အသက်၏ တန်ဖိုးတို့ကိုနှိုင်းယှဉ်၍ အမှားကိုသိမြင်စေကာ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးတို့အတွက် တရားရေအေးကို တိုက်ကျွေးတော်မူသည်။ တရားတော်အဆုံးတွင် နှစ်ပြည်ထောင်အကြား ပြေငြိမ်းမှုရရှိပြီး တစ်ဖက်လျှင် မင်းညီမင်းသား ၂၅၀ စီဖြင့် နှစ်ပြည်ထောင်မှ မင်းသား ၅၀၀ တို့ သာသနာ့ဘောင်သို့ ဝင်ရောက်ကာ ရဟန်းပြုကြသည်။ မင်းသားဘဝမှ ရဟန်းဖြစ်လာကြသူတို့မှာ သာသနာ့ဘောင်တွင် မပျော်မွေ့နိုင်ဘဲရှိနေကြရာမှ မြတ်စွာဘုရား၏ အဆုံးအမကြောင့် ရဟန်း ၅၀၀ တို့ သောတာပန်ဖြစ်သွားကြသည်။ ထို့နောက် ကပိလဝတ်ပြည်အနီး မဟာဝုန်တောတွင် ဆက်လက်တရားအားထုတ်ကြရာမှ ရဟန်းတော် ၅၀၀ တို့အားလုံး ရဟန္တာအဖြစ် ရောက်ရှိသွားကြသည်။ ထိုရဟန္တာ ၅၀၀ တို့သည် နယုန်လပြည့်နေ့ ညချမ်းအချိန်တွင် မြတ်စွာဘုရားထံသို့ စုရုံးရောက်ရှိလာကြရာ ထူးခြားလှသည့် သံဃာ့အစည်းအဝေးကြီးကို ဖူးမြော်ကြည်ညိုကြရန်အလို့ငှာ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာများ အသူရာ၊ ဂဠုန်၊ နဂါးတို့ပါမကျန် မဟာဝုန်တောကြီးသို့ မည်သည့်အချိန်အခါနှင့်မျှမတူအောင် ကြီးကျယ်ခမ်းနားလှစွာ စုရုံးရောက်ရှိလာကြသည်။ ယင်းအချိန်အခါကို မဟာသမယဟု ခေါ်ဆိုပြီး ယင်းနတ်သဘင်အစည်းအဝေးတွင် မြတ်စွာဘုရားရှင်က နတ်တို့၏ အမည်နာမအမျိုးမျိုးတို့ကို ထုတ်ဖော်မြွက်ကြားခဲ့သည့် အကြောင်းအရာများမှာ မဟာသမယသုတ်ဖြစ်သည်။

မဟာသမယသုတ်သည် မြတ်စွာဘုရားရှင်ကိုယ်တိုင် ထုတ်ဖော်မြွက်ကြားခဲ့ခြင်းဖြစ်သည့်အလျောက် မဟာသမယသုတ်ကို အစဉ်အမြဲရွတ်ဖတ်ခြင်းဖြင့် နတ်တို့၏ချစ်ခင်မှုကို ရရှိနိုင်သည်ဟု ဗုဒ္ဓဘာသာဝင်တို့ယုံကြည်ကြသည်။ ထို့အပြင် အိမ်သစ်၊ တိုက်သစ်စသော နေရာထိုင်ခင်းအသစ်တို့ ရရှိလာပါကလည်း ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေခြင်းငှာ မဟာသမယသုတ်ကို ရွတ်ဆိုပူဇော်သင့်ကြသည်။ နယုန်လပြည့်နေ့သည် လူ့အသက်နှင့် လူ့ဘဝ၏တန်ဖိုးကို သိမြင်စေကာ အမျက်ဒေါသကိုစွန့်ပယ်၍ ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်ကြရန် သတိပေးနေသည့် နေ့လည်းဖြစ်သည်။ မိမိတို့နိုင်ငံသူနိုင်ငံသားအားလုံး၊ ကမ္ဘာသူကမ္ဘာသားအားလုံး လက်နက်ဘေး၊ စစ်မက်ဘေးနှင့် ဘေးအပေါင်းတို့မှကင်းဝေးကာ မေတ္တာလွှမ်းခြုံ လုံခြုံအေးမြကြပါစေကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ကျင်းပ

နေပြည်တော် ဇွန် ၉

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့(ဆဋ္ဌမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၆ ဌာနတို့၌ စာရင်းသွင်း ၁၆၉၄၉ ပါး/ ဦးအနက် ၁၃၅၀၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၆၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ၉ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၈၂၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားမှုများကို စိစစ်ခွင့်ပြုပေးလျက်ရှိခြင်းနှင့် တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၉**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ နိုင်ငံရေးပါတီ ၁၇ ပါတီကို တည်ထောင်ခွင့်ပြုပြီး ဖြစ်သည်။

အဆိုပါတည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၇ ပါတီအနက် ဦးဘွာလ်ဆိုင်လိုခေါင်းဆောင်သည့် **ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress (NCC)]** က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၆ ပါတီအနက် ပါတီ ၁၄ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ပြည်သူကို ရက်ရက်စက်စက်သတ်ဖြတ်တဲ့ NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့"** ခေါင်းစဉ်ဖြင့် ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်တွေကို စာပေသင်ကြားပေးနေတဲ့ ပညာရေးဝန်ထမ်းတွေကို အကြောင်းအမျိုးမျိုးပြပြီး ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၉**

နေပြည်တော်၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တစ်ပြည်လုံးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - စိုးစိုးနိုင် | | **သတင်းထောက်မှူး** - ခင်ရတနာ | |
| **စာတည်းမှူး** - မြင့်စိုး | | **အကြီးတန်း** - ကျော်သူဝင်း၊ တင်မောင်လွင်၊ | |
| **စာတည်းများ** - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | | **သတင်းထောက်များ** ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| **ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | | **အငယ်တန်း** - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး | |
| **သုတေသန** - အိအိခင်နှင့် အဖွဲ့ | | **သတင်းထောက်များ** | |
| **စာပြင်** - ဇော်မင်းသန်းနှင့် အဖွဲ့ | | **ဓာတ်ပုံသတင်းထောက်** - တင်စိုး | |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့ | | **အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့ | |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

❖ **ပြင်ဦးလွင်မြို့နယ်၌ လူနေထိုင်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် များပြားလာသည်ကိုတွေ့ရှိရပြီး ရာသီဥတုမျှတကောင်းမွန်ခြင်း၊ သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသောက်နိုင်ခြင်းတို့ကြောင့် လာရောက်နေထိုင်ကြခြင်းဖြစ်**

❖ **လူအများနေထိုင်ရာတွင် ရေသည် မရှိမဖြစ်လိုအပ်သည့်အရာ ဖြစ်သည့်အတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ဖူလုံစွာရရှိနိုင်ရေး၊ ရေအရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိရေးကို ဖော်ဆောင်ပေးရမည်**

❖ **ပြင်ဦးလွင်မြို့အား ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော် စသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

❑ *ရွှေဖုံးမှ*

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြင်ဦးလွင်ခရိုင်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအား အသီးသီးရှင်းလင်းတင်ပြ**

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဧပြီလအတွင်း ပြင်ဦးလွင်ဒေသသို့ ရောက်ရှိစဉ် ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဖော်ထုတ်ရာတွင် ရေအရင်းအမြစ်များ ကွင်းဆင်းလေ့လာခြင်း၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ ဆည်၊ တာတမံများအတွင်း ရေပိုမိုသိုလှောင်နိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ဖြစ်ပေါ်လာနိုင်မည့် အကျိုးရလဒ်များ၊ ရေလှောင်တမံအသစ်များနှင့် ရေလွှဲဆည်များ ထပ်မံဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် ရေအရင်းအမြစ်များအား မြေပြင်ကွင်းဆင်းစစ်ဆေးချက်များအရ လျာထားသုံးသပ်တင်ပြချက်များနှင့် ဖြစ်ပေါ်လာနိုင်မည့် အကျိုး၊ အပြစ်များ၊ ဘူမိဗေဒဆိုင်ရာအခြေအနေ သုံးသပ်တင်ပြချက်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်မြို့နယ်၏ ပထဝီဝင်ဆိုင်ရာ အချက်အလက်များနှင့် မြို့ပြနှင့် ကျေးလက်လူနေထိုင်မှု၊ ပြင်ဦးလွင်မြို့နယ်အတွင်း လက်ရှိရေပေးဝေရာတွင် ရယူလျက်ရှိသည့် ရေအရင်းအမြစ်များနှင့် ရေပေးဝေနိုင်မှု၊ ပြင်ဦးလွင်မြို့နယ်အား ဇုန်များပိုင်းခြားသတ်မှတ်၍ ရေဖူလုံစွာပေးဝေနိုင်ရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများအပေါ် သုံးသပ်တင်ပြချက်များ၊ ပြင်ဦးလွင်မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန် ဖော်ဆောင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက်လျက်ရှိမှုတို့ကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြင်ဦးလွင်မြို့နယ်အတွင်း သစ်တောမြေတည်ရှိမှုနှင့် သစ်တောဖုံးလွှမ်းမှု၊ မြို့နယ်စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောလုပ်ငန်းများအား နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုတို့ကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပြင်ဦးလွင်မြို့နယ် မြို့ပြစိမ်းလန်းစိုပြည်ရေးနှင့် လမ်းများကောင်းမွန်မှုရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြား**

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးအတွက် လုပ်ငန်းဖြစ်နိုင်ခြေများအနက် ကာလတိုအတွင်း ထိရောက်လျင်မြန်သောအစီအမံ(Quick Win Plan) ဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရေလှောင်တမံများအား အဆင့်မြှင့်တင်ရာတွင် တမံများ၏ သက်တမ်းနှင့် ကြံ့ခိုင်မှုတို့ကို စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရေလှောင်တမံများနှင့် ရေလွှဲဆည်များ တည်ဆောက်ရန်လျာထားရာ၌ အကျိုးပြုဧရိယာနှင့် ရေသုံးစွဲမည့် လူဦးရေပမာဏ၊ နောင်အနာဂတ်တွင် တိုးပွားလာနိုင်မည့် လူဦးရေပမာဏတို့ကိုလည်း ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း မြို့ပြနှင့် ကျေးလက်လူနေထိုင်မှု၊ အလုပ်အကိုင်ဆောင်ရွက်မှု၊ လူနေမှုပုံစံတို့ကို စနစ်တကျပြုစုဆောင်ရွက်သွားရန်လိုပြီး ယင်းအချက်အလက်များ အပေါ်တွင်အခြေခံ၍ ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကို ပြည့်ပြည့်ဝဝအသုံးချနိုင်ရန်လိုပြီး တောင်ယာစိုက်ပျိုးခြင်းအစား လယ်၊ ကုန်းမြင့်လယ်စိုက်ပျိုးခြင်းကို ဆောင်ရွက်ကြရန်လိုကြောင်း၊ လိုအပ်သည့် ရေအရင်းအမြစ်လုံလောက်စွာရရှိရေးနှင့် သွင်းအားစုများ ပြည့်မီအောင်ထည့်သွင်းရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရာ၌ ဇုန်ဧရိယာများ ဖော်ထုတ်စဉ်ကတည်းကပင် ရေအရင်းအမြစ် ရရှိနိုင်မှု၊ ကုန်ထုတ်လမ်းဖော်ဆောင်ပေးနိုင်မှုနှင့် အခြားအခြေခံအချက်အလက်များအားလုံးကို ထည့်သွင်းတွက်ချက်၍ သတ်မှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသည့် အခြေခံလိုအပ်ချက် ၄ ခုအပေါ် အခြေခံ၍ စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ပြင်ဦးလွင်မြို့နယ်၌ လူနေထိုင်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် များပြားလာသည်ကိုတွေ့ရှိရပြီး ရာသီဥတုမျှတကောင်းမွန်ခြင်း၊ သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသောက်နိုင်ခြင်းတို့ကြောင့် လာရောက်နေထိုင်ကြခြင်းဖြစ်ကြောင်း၊ လူအများနေထိုင်ရာတွင် ရေသည် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည့်အတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ဖူလုံစွာရရှိနိုင်ရေး၊ ရေအရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိရေးကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း။

ပြင်ဦးလွင်မြို့အား ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော် စသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ချယ်ရီပင်များ

*စာမျက်နှာ ၄ သို့*

❑ **ရေလှောင်တမံများအား အဆင့်မြှင့်တင်ရာတွင် တမံများ၏ သက်တမ်းနှင့် ကြံ့ခိုင်မှုတို့ကို စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်လို၊ ရေလှောင်တမံများနှင့် ရေလွှဲဆည်များ တည်ဆောက်ရန်လျာထားရာ၌ အကျိုးပြုဧရိယာနှင့် ရေသုံးစွဲမည့် လူဦးရေပမာဏ၊ နောင်အနာဂတ်တွင် တိုးပွားလာနိုင်မည့် လူဦးရေပမာဏတို့ကိုလည်း ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားရန်လို၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း မြို့ပြနှင့် ကျေးလက်လူနေထိုင်မှု၊ အလုပ်အကိုင်ဆောင်ရွက်မှု၊ လူနေမှုပုံစံတို့ကို စနစ်တကျပြုစုဆောင်ရွက်သွားရန်လိုပြီး ယင်းအချက်အလက်များ အပေါ်တွင်အခြေခံ၍ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ဖော်ဆောင်နိုင်မည်**

*စာမျက်နှာ ၃ မှ*

ကောင်းမွန်စွာ ပေါက်ရောက်သည့်ဒေသဖြစ်သည့်အတွက် ချယ်ရီမြို့တော်ဖြစ်စေရေး စနစ်တကျဖြင့်စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ပန်းမြို့တော်ဟုယခင်ကတည်းကပင် နာမည်ရပြီးသားမြို့ဖြစ်သည့်အတွက် အစဉ်အလာကောင်းများကို ဆက်လက်လက်ဆင့်ကမ်း ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့်ဒေသမျိုးရင်းပန်းမျိုးများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပမာအနေဖြင့်ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ပန်းမျိုးစုံ တင်ပို့ရောင်းချခြင်းဖြင့် ဝင်ငွေများစွာရရှိကြောင်း၊ အဓိကအားဖြင့် ဂန္ဓမာနှင့် သစ္စာပန်းမျိုးများကို တင်ပို့ခြင်းဖြစ်ပြီး ပြင်ဦးလွင်၌ အောင်မြင်ဖြစ်ထွန်းသည့်ပန်းမျိုးများဖြစ်ကြောင်း၊ အလားတူ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် အာရေဗီးကားကော်ဖီသည် ကမ္ဘာပေါ်တွင် ဈေးကွက်ဝင်လူကြိုက်များသည့် ကော်ဖီအမျိုးအစားဖြစ်သဖြင့် ကော်ဖီထုတ်လုပ်မှုများကိုစနစ်တကျ စိုက်ပျိုးထုတ်လုပ်ဆောင်ရွက်၍ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြင်ဦးလွင်မြို့အနေဖြင့်အားကစားမြို့တော်အဖြစ် ဆောင်ရွက်နိုင်မည့်အခြေအနေကောင်းများကိုလည်း ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ ဘောလုံးအားကစားပွဲများ၊ စက်ဘီးစီးပြိုင်ပွဲများနှင့် အခြားအားကစားနည်းများကိုဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်Town Plan များ ရေးဆွဲရာတွင် အားကစားကွင်းများကိုပါ စနစ်တကျတွက်ချက်၍ ထည့်သွင်းရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့အားGreen City ၊ Clean City ၊ Smart City ဖြစ်စေရေးအတွက်လည်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့ပတ်ဝန်းကျင်တွင် သစ်တောများဖုံးလွှမ်းမှုရှိစေရေး သစ်တော

**❋ ပြင်ဦးလွင်မြို့အား Green City ၊ Clean City ၊ Smart City ဖြစ်စေရေးအတွက်လည်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို**

**❋ ပြင်ဦးလွင်မြို့ပတ်ဝန်းကျင်တွင် သစ်တောများ ဖုံးလွှမ်းမှုရှိစေရေး သစ်တော သစ်ပင်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်**

**❋ ပြင်ဦးလွင်ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဒေသတွင်း နေထိုင်သူများနှင့် ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်နေကြသူများက အဓိက ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်**

သစ်ပင်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဒေသတွင်းနေထိုင်သူများနှင့် ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်နေကြသူများက အဓိကဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသတွင် မွေးဖွားခဲ့ပြီးအသက်အရွယ်ကြီးမြင့်စွာရှိနေကြသည့် ဒေသခံများဖြင့် Elder အဖွဲ့ ဖွဲ့စည်းသွားရန်လည်းလိုပြီးဒေသ၏ အစဉ်အလာနှင့်ဂုဏ်သတင်းများကိုဆက်လက်ထိန်းသိမ်းနိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ၎င်းတို့အနေဖြင့်အကြံပြုနိုင်မည်ဖြစ်ကြောင်း။

မြေအသုံးချမှုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့်တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေနေရာများကိုအမျိုးအစားအလိုက် အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မြေနှင့်ပတ်သက်၍ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် စနစ်တကျစီမံခန့်ခွဲသွားရန်လိုကြောင်း၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တောင်ယာခုတ်ထွင်မှုများ ပပျောက်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှိပြီးဖြစ်သည့်စပါးစိုက်ပျိုးနေသည့်ယာမြေများကိုသီးထပ်စွမ်းအားမြှင့်တင်နိုင်မည့် စပါးစိုက်ပျိုးနိုင်သည့် လယ်မြေများအဖြစ် ဖော်ဆောင်ပေးနိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ တောင်ယာများနှင့်ပတ်သက်၍ ရွှေ့ပြောင်းတောင်ယာစနစ်များပပျောက်အောင် ဆောင်ရွက်သွားရန်လိုပြီး ကုန်းမြင့်လယ်များ ဖော်ထုတ်ပေးရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ပြည်တွင်းပြည်ပမှ ခရီးသွားအများအပြားလာရောက်သည့် မြို့တစ်ခုဖြစ်သည့်အတွက် မိမိတို့ဒေသသို့ လာရောက်သည့်သူများကိုအကောင်းဆုံး ဝန်ဆောင်မှုများပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ဒေသထွက်သန့်ရှင်းလတ်ဆတ်သည့်အသီးအနှံနှင့် စားသောက်ဖွယ်ရာများ၊ ဒေသရိုးရာအစားအသောက်များဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် အိမ်သာမှ ဧည့်လာမည်ဖြစ်သည့်အတွက် မိမိတို့ဒေသ သန့်ရှင်းသာယာလှပရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းများနှင့်ပတ်သက်၍သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များအတိုင်းပြည့်မီရန်လိုပြီး လမ်းမကြီးများဥပဒေကိုလည်းပြည်သူများလိုက်နာမှုရှိစေရေး အသိပညာပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်မှုသည် မျက်စိပသာဒကိုဖြစ်စေပြီး အေးချမ်းမှုကိုခံစားရစေနိုင်သည်ဖြစ်သဖြင့် လမ်းမကြီးများ ဝဲ၊ယာ၌ အရိပ်ရအပင်များကို စနစ်တကျဖြင့် စိုက်ပျိုးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့၊ကျေးရွာများ သန့်ရှင်းသာယာလှပရေးအတွက်အမှိုက်ခွဲခြားစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စံပြအဖြစ် ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများမှ စံနမူနာပြဆောင်ရွက်သွားရန် လိုအပ်ပြီး ရပ်ရွာလူထုထံသို့ နမူနာယူ အသိပညာပြန့်ပွားအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာလျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Green City ၊ Clean City ဖော်ဆောင်မှု အောင်မြင်လာနိုင်မည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၁၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအားတိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိ

**နေပြည်တော် ဇွန် ၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရုံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးကျင်းပ

## သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လို

**နေပြည်တော် ဇွန် ၉**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၂) ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့ တက်ရောက်အမှာစကား ပြောကြားသည်။

**ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လို**

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပပို့ကုန် မြှင့်တင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ကုန်သွယ်ရေးလိုငွေပြမှုကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဇုန်အတွင်းရှိ လုပ်ငန်းများက ပြည်တွင်းရှိ MSMEs လုပ်ငန်းများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအား မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရန် ပြောကြားသည်။

**Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်သုံးစွဲရန်လို**

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်တွင် Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်သုံးစွဲရန်လိုကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**ဆောင်ရွက်ထားရှိမှုအခြေအနေများ ရှင်းလင်းတင်ပြ**

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်ဦးက ယခင်ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် စတုတ္ထအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြ**

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အမှာစာများကို ဖတ်ကြားတင်ပြကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ သစ်တောကျောင်းနှင့် ဒိုးကွင်သစ်တောပျိုးဥယျာဉ်တို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံသစ်တောကျောင်း၌ သင်တန်းသားအိပ်ဆောင်များ စနစ်တကျထားရှိမှု၊ ကွန်ပျူတာခန်းမနှင့် စာသင်ဆောင်များတွင် သင်ကြားပို့ချနေမှုအခြေအနေနှင့် သစ်တောကျောင်းဝင်းအတွင်း သာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်ပျိုးဥယျာဉ်အတွင်း သစ်မျိုး ၁၄ မျိုးဖြင့် ပျိုးပင် ၁၄၁၀၀၀ ကျော် ပျိုးထောင်ထားရှိမှု၊ ဆေးဖက်ဝင်ဂမုန်းမျိုးစိတ် ၂၀ နှင့် မြန်မာ့ရှားပါးသစ်ခွမျိုးစိတ် ၆၀ ထိန်းသိမ်းစောင့်ရှောက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဦးလွင်မြို့နှင့် ပတ်ဝန်းကျင်အထူးစိမ်းလန်းစိုပြည်ရေး၊ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်ဖြစ်စေရေး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co., Ltd. (TPE) မှ Chief Engineer Mr. Akeksandr Senin အား လက်ခံတွေ့ဆုံ



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co., Ltd. (TPE) မှ Chief Engineer ဖြစ်သူ Mr. Akeksandr Senin အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဇွန် ၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co., Ltd. (TPE) မှ Chief Engineer Mr. Akeksandr Senin အား ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) အောင်မြင်စွာစတင်လည်ပတ်နိုင်ရေးအတွက် စာချုပ်မူဘောင်ပါ သတ်မှတ်ချက်များ အမြန်ဆုံးပြီးမြောက်နိုင်ရန် TPE ကုမ္ပဏီမှ နည်းပညာကျွမ်းကျင်ပညာရှင်များ၊ သံနှင့်သံမဏိဆိုင်ရာ ပညာရှင်များနှင့် မြန်မာနိုင်ငံဘက်မှ နည်းပညာကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ အောက်ဆီဂျင်အလုပ်ရုံ ပြန်လည်ဆောင်ရွက်ခြင်းနှင့် စမ်းသပ်လည်ပတ်ခြင်း၊ Romelt အလုပ်ရုံအား ပိုမိုထိရောက်စွာလည်ပတ်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးခြင်း၊ ဘာသာရပ်အလိုက် နည်းပညာများ လွှဲပြောင်းပေးခြင်း၊ သင်တန်းများ ပို့ချပေးခြင်း၊ ရုရှား-မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၏ ပြယုဂ်တစ်ခုဖြစ်သည့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆွေးနွေးညှိနှိုင်းသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စက်ရုံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၊ ခရိုင်ကျောင်းစာကြည့်တိုက်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှု

**ပြင်ဦးလွင် ဇွန် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ပညာကြိုးစားသင်ယူကြရေး၊ ဗလငါးတန်ပြည့်ဝသော လူငယ်များဖြစ်အောင် ကြိုးစားရေး၊ စာပေလေ့လာဖတ်ရှုပြီး ဗဟုသုတပြည့်ဝကာ စာတတ်ရုံသာမက ပညာပြည့်ဝသူများဖြစ်အောင် ကြိုးစားရေး၊ ကျောင်းသားဝတ္တရား၊ သားသမီးဝတ္တရား ကျေပွန်သော လူငယ်များဖြစ်စေရေး၊ မိဘဆရာများနှင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိသူများ၊ နိုင်ငံ့အကျိုးသယ်ပိုးထမ်းရွက်နိုင်သည့် နိုင်ငံ့သားကောင်း ရတနာများဖြစ်အောင် ကြိုးစားကြရေးတို့ကို မှာကြားသည်။

**ကျောင်းစာကြည့်တိုက်**

**ဝင်ရောက်ကြည့်ရှု**

ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက လှူဒါန်းသည့်အားကစားပစ္စည်းများပေးအပ်သည်။ ဆက်လက်၍ ကျောင်းစာကြည့်တိုက်ကို ဝင်ရောက်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအတွက် စာဖတ်ခြင်းမှ အကျိုးကျေးဇူးရရှိစေမည့် ဆွေးနွေးဟောပြောမှုများဖြစ်စေရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြင်ဦးလွင်ခရိုင်ပြည်သူ့စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး စာဖတ်သူ၊ စာငှားသူ တိုးတက်ရေးနှင့် စာအုပ်စာစောင်များ ပျောက်ဆုံးပျက်စီးမှုမရှိစေရေးတို့ကို မှာကြားသည်။

**လုပ်ငန်းနှင့် ဝန်ထမ်းရေးရာ**

**ကိစ္စရပ်များမှာကြား**

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဇုန်နယ်မှူးနှင့် စက်ရုံမှူးတို့အားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ရောက်ရှိပြီး စက်ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းအသုံးပြုရေး၊ စက်ရုံလုံခြုံရေးနှင့် မီးဘေးအန္တရာယ် မဖြစ်စေရေးတို့ကို မှာကြားသည်။



ဒုတိယဝန်ကြီး ဦးရဲတင့် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**ဂုဏ်ပြုထောက်ပံ့ငွေများ**

**ပေးအပ်**

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့် မန္တလေးမြို့များအတွင်း ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဇွန် ၉**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့်ဟင်းသီးဟင်းရွက်များကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)နှင့် မန္တလေးမြို့များအတွင်း ငွေကြေးဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ် ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၇၀ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။




ဇွန် ၉ ရက်တွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်း ငွေကြေးဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ခြောက်ပြည်ပါ(မနော်သုခ-Export Quality) ၁၂ အိတ်၊ ဆန် ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၁၀ အိတ်၊ ဆီ ပိဿာ ၁၀၀၊ ဆား ငါးပိဿာ ၇၅ ကျပ်သား၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၂၅ ထုပ်၊ ငါးပိ နှစ်ပိဿာ၊ ငါးတံခွန် ၁၀ ကျပ်သားပါ ၁၀ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၁၀ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၁၅ ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သားပါ ၁၀ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ခုနစ်ထုပ်၊ ကြက်ဥ အလုံး ၉၀၊ ဘဲဥ ၂၅ လုံး၊ ခေါက်ဆွဲခြောက် ငါးထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ ဇွန် ၉ ရက်တွင် မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ (မနော်သုခ) ၁၆ အိတ်၊ စားအုန်းဆီ ပိဿာ ၂၂၀၀၊ ဆား လေးပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ရှစ်ထုပ်၊ ငါးပိ တစ်ပိဿာ ၅၀ ကျပ်သား၊ ငါးနီတူခြောက် ၁၀ ကျပ်သား ခုနစ်ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သား ခြောက်ထုပ်၊ ကြက်ဥ အလုံး ၁၇၀၀၊ ဘဲဥ ၆၃၅ လုံးနှင့် ခေါက်ဆွဲခြောက် ၄၂ ထုပ်တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ဆေးရုံအဆောက်အအုံနှင့် ခေတ်ခွဲခန်းများပြုပြင်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၉**

မန္တလေးငလျင်ကြီးကြောင့်ပျက်စီးသွားသောဆေးရုံအဆောက်အအုံနှင့် ခေတ်ခွဲခန်းများပြုပြင်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄၇)၌ ကျင်းပပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အလှူရှင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်**

အခမ်းအနားတွင် အလှူရှင်အသင်းအဖွဲ့များက လှူဒါန်းရသည့် အကြောင်းရင်းကို ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်က ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော နေပြည်တော် ကလေးရောဂါအထူးကုဆေးရုံကြီးနှင့် သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီးတို့ရှိ ဆေးရုံအဆောက်အအုံများပြုပြင်ရန် ငွေကျပ် ၁၀၄၈ ဒသမ ၀၀၀ သန်း၊ မြန်မာ-တရုတ် အမျိုးသားကုသိုလ်ဖြစ်အသင်းက ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော နေပြည်တော် သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး မီးယပ်ဆောင်နှင့်ခွဲစိတ်ဆောင်ပြုပြင်ရန် ငွေကျပ် ၁၁၃ ဒသမ ၀၀၀ သန်း၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ခေတ်ခွဲခန်းပြုပြင်ရန် ငွေကျပ် ၇၈ ဒသမ ၁၇၅ သန်း၊ Medi-Health Co., Ltd နှင့် Drug International Ltd တို့က ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် အသုံးပြုရန် Modular Office နှစ်လုံးအတွက် ငွေကျပ်သိန်း ၉၅၀ နှင့် မြန်မာတရုတ်အမျိုးသမီးများအသင်းက ငွေကျပ်သိန်း ၁၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။



**အမြန်ဆုံးပြုပြင်သွားမည်**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ဆေးရုံ၊ အဆောက်အအုံနှင့် ခေတ်ခွဲခန်းများပြုပြင်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ပျက်စီးမှုအမျိုးအစားနှင့် ပျက်စီးမှုပုံစံအဆင့်များအလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောက်လုပ်ရေး အင်ဂျင်နီယာပညာရှင်များက စနစ်တကျခန့်မှန်းတွက်ချက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အမြန်ဆုံးပြုပြင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၉**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်များဖြစ်သည့် တောင်ကြီးတပ်နယ်(နယ်မြေ-၁) အမျိုးသားအသင်းနှင့် တောင်ကြီးတပ်နယ်(နယ်မြေ-၂)အမျိုးသားအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး) အမျိုးသမီးအသင်းနှင့် ဟိုပုံးတပ်နယ်အမျိုးသမီးအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

**ယှဉ်ပြိုင်ကစားသွားမည်**

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၀ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် ဇွန် ၁၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၀၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ခတ်ပုံ ) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဇွန် ၉

**၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ခတ်ပုံ) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်း အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ခတ်ပုံပညာရှင်များ၊ ဆုရစာပေ ပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ခတ်ပုံ) ပြိုင်ပွဲ Video Clip ကိုပြသကာ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌက (ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာ) ဆုများရွေးချယ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ အလင်္ကာကျော်စွာ ဒါရိုက်တာပန်းချီစိုးမိုးက ဆုရခတ်ပုံများရွေးချယ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ခတ်ပုံ) ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်နှင့် ခတ်ပုံပညာရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခတ်ပုံပညာရှင်များကို ငွေကျပ် ၁၅ သိန်းစီချီးမြှင့်ကာ ပြသထားသည့် ပြိုင်ပွဲတွင်ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ခတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်ကာယပညာ သိပ္ပံ(ရန်ကုန်) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ Kabaddi အားကစားအဖွဲ့ချုပ်နှင့်တွေ့ဆုံပြီး စနစ်တကျ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ အောင်မြင်မှုဆုတံဆိပ်များရရှိနိုင်ရေး၊ အားကစားသမားများ၏ စိတ်ခတ်ကောင်းမွန်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ငလျင်ဘေးသင့်ဝန်ထမ်းများ နေထိုင်ရန် Container House များ တပ်ဆင်ပြီးစီးမှု ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးသည် ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ငလျင်ဘေးသင့်ဝန်ထမ်းနှင့် မိသားစုဝင်များ နေထိုင်ရေး အဆင်ပြေစေရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသည့် အိပ်ခန်းတစ်ခန်းနှင့် အိပ်ခန်းနှစ်ခန်းပါ Container House များ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးဝင်းအတွင်း တပ်ဆင်ပြီးစီးမှုနှင့် ရေရရှိရေးစီမံဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စု စာရင်းစစ်ချုပ်က Container House အဆောက်အအုံများ ခိုင်ခံ့မှုရှိစေရေး၊ ရေမီးရရှိရေး၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ မိလ္လာစနစ်များ စနစ်တကျဖြစ်စေရေး စီစဉ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာမည်။ **မိုး/ဇလ**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် (ကျောက်နီစိုက်ကွင်း)ရှိ နွားမွေးမြူရေးဇုန် ကွင်းဆင်းကြည့်ရှုစစ်ဆေး



**တောင်ကြီး ဇွန် ၉**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့နှင့်အတူ ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စု စိုက်ပျိုးရေး ဦးစီးဌာနပိုင် (ကျောက်နီစိုက်ကွင်း) အတွင်း နွားမွေးမြူရေးဇုန်ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မွေးမြူရေးဇုန်ရှင်းလင်းဆောင်ခန်းမ၌ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက မွေးမြူရေးနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ခရိုင်မွေးမြူရေးဇုန်ကြီးကြပ်မှုကော်မတီဖွဲ့စည်းထားပြီးဖြစ်၍ မြေပြင်တွင် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်အတွက် ကြီးကြပ် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လုပ်ငန်းရှင်များကလည်း နည်းပညာများကို အချင်းချင်း ဖလှယ်ပေးကြရန်နှင့် ဒေသနွားများကိုလည်း မျိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ စံပြမွေးမြူရေးဇုန်ဖြစ်ရန်နှင့် စနစ်ကျသောမွေးမြူရေးဇုန်ဖြစ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက မွေးမြူရေးလုပ်ငန်းရှင်များအတွက် လိုအပ်နေသော မြက်ချဉ်ဖတ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့်ပြည်နယ်အဆင့် ဌာနဆိုင်ရာများက လုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်ချက်များကို ဆွေးနွေးကြသည်။

ထိုမှတစ်ဆင့် မွေးမြူရေးဇုန်အတွင်း ဆောင်ရွက်ပြီးစီးသွားသည့် ဦးအောင်မျိုးမင်းထွန်း မွေးမြူထားသည့် နို့စားနွားနှင့် ဒေသနွားခြံ၊ SUPER SEVEN STAR SAGRITECH CO ., LDT နို့စားနွား မွေးမြူရေးခြံနှင့် ဦးလှိုင်မြင့် မွေးမြူထားသည့် နို့စားနွား မွေးမြူထားရှိမှုတို့ကို သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သဘာဝဘေးရှာဖွေကယ်ဆယ်ရေးအတွက် စုဖွဲ့ထားရှိသည့် တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်ဆောင်ရွက်နေမှုကို စိစစ်ခွဲခြားရေး အစည်းအဝေးတက်ရောက်

**နေပြည်တော် ဇွန် ၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိရေလှောင်တမံ တမံကြွံခိုင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ရေထုတ်ပြွန်ပြန်လည်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပိုင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ဗဟိုမီးသတ်စခန်း၌ စုဖွဲ့ထားရှိသည့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းတွင် အသုံးပြုနိုင်ရန်အတွက် မီးစက်(5.5KVA) ငါးလုံးပေးအပ်ကာ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပပြုလုပ်သည့် နေပြည်တော်ကောင်စီရုံးဝန်ထမ်းများနှင့် လက်ရည်တစ်ပြင်တည်း နေ့လယ်စာမိတ်ဆုံစားပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်ဆောင်ရွက်နေမှုအခြေအနေကို ခွင့်ပြုရန်သင့်၊ မသင့်စိစစ်ခွဲခြားရေးလုပ်ငန်းကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ




တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များမှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ယူနေမှု ကြည့်ရှုအားပေး

**ဘားအံ ဇွန် ၉**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘားအံတက္ကသိုလ်၌ တက္ကသိုလ်ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်တွင် ပါရဂူတန်း၊ မဟာဘွဲ့၊ မဟာအရည်အချင်းစစ်၊ ဂုဏ်ထူးတန်းများ အပါအဝင် ကျောင်းသား ကျောင်းသူ ၁၆၈၀ တက်ရောက်ပညာသင်ယူနေမှု ကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်ကြား၊ သင်ယူနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို မှာကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံပညာရေးဒီဂရီကောလိပ်၌ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်နှင့် Dip. EP(ပြင်ပပုဂ္ဂိုလ်) သင်တန်းများတွင် သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမ စုစုပေါင်း ၇၆၀ တက်ရောက် ပညာသင်ယူနေမှုကိုလည်းကောင်း၊ နည်းပညာတက္ကသိုလ်(ဘားအံ)၌ မြို့ပြအင်ဂျင်နီယာ၊ အီလက်ထရောနစ်အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ စသည့် ဘာသာရပ်လေးခုတွင် ကျောင်းသား ကျောင်းသူ ၂၄၀ တက်ရောက်ပညာသင်ယူနေမှုကိုလည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ဘားအံ)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၈၄ ဦး တက်ရောက်ပညာသင်ယူနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးနှင့် ဒုတိယပါမောက္ခချုပ်များက သက်ဆိုင်ရာကောလိပ်၊ တက္ကသိုလ်၊ သိပ္ပံများအလိုက် ဘာသာရပ်များ သင်ကြားပို့ချပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာကောလိပ်၊ တက္ကသိုလ်၊ သိပ္ပံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာဂီမီရေး အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မန္တလေးငလျင်လှုပ်ခတ်ပြီးနောက် ကယ်ဆယ်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းမှုများအပေါ် နီပေါနိုင်ငံက ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး နှစ်နိုင်ငံအကြား ဘုံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဝါစိုက်ပျိုးရာ ကတင်ရွာ

ကျေးလက်သူ (စိုက်သု - Farmer Channel)

**မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် ဝါသီးနှံသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခန်းကဏ္ဍမှ ပါဝင်နေသော အဓိကသီးနှံတစ်ခုဖြစ်သည်။ ဝါစိုက်ပျိုးမှုကို ပျူခေတ်ကတည်းက စတင်စိုက်ပျိုးခဲ့ကြပြီး ဝါဂွမ်းမှ အဝတ်အထည်များ ရက်လုပ်သုံးစွဲနေပြီဖြစ်သည်။ ရှေးယခင်က ချည်မျှင်တို ဝါမျိုးကိုသာ စိုက်ပျိုးခဲ့ကြသော်လည်း ၁၉၆၂ ခုနှစ်မှစ၍ ချည်မျှင်ရှည်ဝါကို ကျယ်ကျယ်ပြန့်ပြန့် စတင်စိုက်ပျိုးခဲ့ကြကြောင်း အထောက်အထားများအရ သိရသည်။**



ကတင်ရွာ ဧက ၂၅၀ ဝါစံပြစိုက်ကွင်း၌ အောင်မြင်ဖြစ်ထွန်းနေသော ဝါစိုက်ခင်းများကို တွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အတွင်းရှိ ကတင်ကျေးရွာသည် ၁၉၈၀ ပြည့်နှစ်တွင် သစ်ဆုံဆည်၏ ရေအရင်းအမြစ်ကို အခြေခံ၍ ကတင်ကန်နှင့် ဆက်သွယ်ကာ စိုက်ပျိုးရေးလုပ်ငန်းများစတင်ခဲ့ရာ ဝါ၊ စပါးနှင့် နေကြာသီးနှံများကိုအဓိကထား စိုက်ပျိုးခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ကတင်ကျေးရွာသည် ရမည်းသင်းမြို့နယ်၏ **"ဝါအထွက်အကောင်းဆုံး"** ဆုကို ဂုဏ်ယူစွာ ဆွတ်ခူးရရှိခဲ့ပြီး ယနေ့အချိန်ထိ ဝါသီးနှံ စိုက်ပျိုးခြင်းက ကျေးရွာ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ရပ် ဖြစ်နေဆဲပင် ဖြစ်သည်။

ဝါ၏ အထွက်နှုန်းနှင့် အရည်အသွေးမြင့်မားမှုကြောင့် ဒေသခံတောင်သူများ၏ ဝင်ငွေများ တိုးတက်လာခဲ့ပြီး ကျေးရွာ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ ပညာရေး၊ ကျန်းမာရေးတို့တွင်လည်း များစွာ တိုးတက်လာခဲ့သည်။ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကတင်ကျေးရွာသည် စံနမူနာဖြစ်လာရုံမက ဒေသတွင်းနှင့် နိုင်ငံ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အပံ့ပေးလျက်ရှိပေသည်။

**ကျေးရွာ၏ သမိုင်းနှင့် ဝါစိုက်ပျိုးရေး အစဉ်အလာ**

ရမည်းသင်းမြို့နယ်တွင် တည်ရှိသော ကတင်ကျေးရွာသည် သဘာဝအလှတရားများ ပေါင်းစုထားသည့် နေရာလေးတစ်ခုဖြစ်ရုံမက ရိုးသားအေးချမ်းမှုနှင့် ပရဟိတစိတ်ထားများ ထွန်းကားရာနေရာဖြစ်ပြီး ဘိုးဘွားများလက်ထက်မှစ၍ သားစဉ်မြေးဆက် ဝါသီးနှံစိုက်ပျိုးလာခဲ့သော သမိုင်းဝင် ကျေးရွာတစ်ရွာလည်း ဖြစ်သည်။

ဝါပင်များအတူစိုက်၊ ဝါပေါက်များအတူ ကောက်ကြရင်း အလှူအတန်းများ အတူပေးကြကာ ပျော်ရွှင်သော မိသားစုများ၏ လှပလွမ်းမောဖွယ် အမှတ်တရများကလည်း ဝါသီးနှံကို အခြေပြုခဲ့ကြသည်ဖြစ်၍ ဝါသီးနှံက သူတို့အားလုံး၏ နှလုံးသားဆိုလျှင်လည်း မှားနိုင်မည် မဟုတ်ပါ။

ကတင်ကျေးရွာ၏ သမိုင်းအစကို ခရစ်နှစ် ၆၆၆ ခုနှစ်က ရမည်းသင်းမြို့နယ်၏ မြို့စာရေးကြီး ရှင်စံဝ ရေးသားခဲ့သော ပုရပိုက်တွင် တွေ့ရှိရသည်။ ကတင်ကျေးရွာဟု အမည်တွင်ခဲ့သည်မှာ မဏိစည်သူမင်း တိုင်းခန်းလှည့်လည်သည့်အခါ ကတင်ကျေးရွာ၏ မြောက်ဘက်ရှိ ဆုတောင်းပြည့်ဘုရားကုန်းတော်ပေါ်၌ ဖောင်တော်ဦးစေတီကို တည်ထားကိုးကွယ်ပြီး ဆင်တော်စီး၍ တိုင်းခန်းလှည့်လည်ချိန် ဆင်ကြီးအား တန်ဆာပလာများ ဖြုတ်၍ ချော့မော့တော်မူပြီး တန်ဆာပလာများ ပြန်လည်တပ်ဆင်သောအခါ ဆင်ကြီးပေါ်သို့ အရင်ဆုံးစတင်သော ပစ္စည်းမှာ "က" ဖြစ်ပါသည်။ "က" ဆိုသည်မှာ ဆင်ပေါ်မှ ခုံအောက်တွင် တင်ထားသောပစ္စည်းကို ဆိုလိုပါသည်။ ထိုကစတင်ခြင်းကြောင့် ကတင်ရွာဟု အမည်တွင်စေသည်။ ရှေးဘိုးဘွားလက်ထက်ကတည်းကပင် ဝါစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ခဲ့သည်။

ဝါစိုက်ပျိုးရေးတွင် ကတင်ကျေးရွာသည် ခေတ်အဆက်ဆက် မျိုးသစ်များကို စနစ်တကျ စိုက်ပျိုးခဲ့ကြသည်။ ၁၉၈၇ ခုနှစ်လောက်ဆီတွင် စတုန်းဗီး၊ (လွန်ကျော်-၃)စသည့် မျိုးများကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် (ငွေချည်-၆) မျိုးကို လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင်(ရွှေတောင်- ၈၊ ရွှေတောင်-၁၀)မျိုးများကို လည်းကောင်း၊ ၂၀၂၄ ခုနှစ်တွင် (ရွှေတောင်-၁၀၊ B-31၊ RAKA-666) မျိုးများကို လည်းကောင်း ပြောင်းလဲစိုက်ပျိုးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ယနေ့အချိန်တွင်လည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဝါသီးနှံ၏ အထွက်နှုန်း မြင့်မားရေး စံပြကွက်များ၊ မျိုးစေ့ထုတ်လုပ်ရေး စီမံချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ဖြင့် ကတင်ကျေးရွာသည် သမိုင်းအမွေအနှစ်နှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာတို့ကို ပေါင်းစပ်ကာ ကျေးလက်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် စံပြနမူနာကောင်း ကျေးရွာလေးအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။

**ကတင်ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

ရမည်းသင်းမြို့နယ်အတွင်းတွင် တည်ရှိသော ကတင်ကျေးရွာသည် မြို့မှ ၄ ဒသမ ၄ မိုင် အကွာတွင် တည်ရှိပြီး သမိုင်းဝင် ကတင်ကန်နှင့် ကပ်လျက် တည်ရှိပါသည်။ ကျေးရွာလေးတွင် အိမ်ထောင်စု ၆၇၅ အိမ်နှင့် လူဦးရေ ၂၅၇၉ ဦး နေထိုင်လျက်ရှိပြီး ကျေးလက်ဒေသ၏ အေးချမ်းသာယာမှုနှင့် သဘာဝအလှတရားများကို ပိုင်ဆိုင်ထားသည့် ရွာလေးတစ်ရွာဖြစ်ပါသည်။

**ပထဝီဝင်အနေအထား**

ကတင်ကျေးရွာသည် ရမည်းသင်းမြို့၏ အနောက်ဘက်တွင် တည်ရှိပြီး အပူပိုင်း မိုးနည်းရပ်ဝန်းဒေသ ဖြစ်ပါသည်။ လယ်မြေများမှာ အများအားဖြင့် ဆည်ရေသောက် ဧရိယာများတွင် ပါဝင်ပြီး မိုးကောင်းသောက်ယာမြေတွင် ယာသီးနှံများ စိုက်ပျိုးပါသည်။ မြေအမျိုးအစားအနေဖြင့် လယ်မြေများမှာ စနယ်မြေဖြစ်ပြီး ယာမြေများမှာ သဲနုန်းမြေနှင့် စနယ်မြေများ ဖြစ်ပါသည်။ ဆည်ရေသောက်ဧရိယာများတွင် ဝါသီးနှံကို (နွေသီးနှံ) မိုးကြိုအနေဖြင့် အဓိကထား စိုက်ပျိုးပြီး မြေအမျိုးအစားမှာ စနယ်မြေဖြစ်သည့်အတွက် သင့်တော်ပါသည်။

**သဘာဝအရင်းအမြစ်များ**

ကတင်ကျေးရွာ၏ အဓိကအရေးပါဆုံး သဘာဝအရင်းအမြစ်မှာ **ကတင်ကန်** ဖြစ်ပါသည်။ ဤကန်ကြီးသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက တည်ရှိခဲ့ပြီး စိုက်ပျိုးရေအတွက် ရေသောက်ဧရိယာ ၂၅၂၉ ဧက (၁၀၂၄ ဟက်တာ) အထိ ရေပေးဝေနိုင်စွမ်း ရှိသည့်အတွက် ကျေးရွာသားများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကအထောက်အပံ့ဖြစ်စေသည်။ ကန်၏ ရေအရင်းအမြစ်ကြောင့် ကျေးရွာတွင် နှစ်စဉ် မိုးကြို၊ မိုး၊ နွေသီးနှံများကို စနစ်တကျ ရေသွင်း၍ စိုက်ပျိုးနိုင်ပြီး ဝါသီးနှံ၏ အထွက်နှုန်းနှင့် အရည်အသွေးကို မြှင့်တင်နိုင်ခဲ့သည်။

ကတင်ကျေးရွာသည် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝခြင်း၊ စိုက်ပျိုးရေးအတွက် သင့်တော်သော မြေအမျိုးအစားများ ရှိခြင်းနှင့် ရေအရင်းအမြစ်များစွာရရှိခြင်းတို့ကြောင့် အနာဂတ်တွင် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် စံပြဒေသလေးအဖြစ် ရပ်တည်နိုင်မည့် အလားအလာများစွာ ပိုင်ဆိုင်ထားသည်။

**ဝါစိုက်ပျိုးရေး နည်းလမ်းများနှင့် သီးနှံအလှည့်ကျစနစ်**

ကတင်ကျေးရွာတွင် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို အသုံးပြုလျက် ဝါသီးနှံကို အချိန်ကာလအလိုက် စနစ်တကျ စိုက်ပျိုးလျက်ရှိသည်။ လက်ရှိအချိန်တွင် ရွှေတောင်-၁၀ နှင့် ပြည်ပစပ်မျိုးများ ဖြစ်သော B-31 နှင့် RAKA -666၊ ငွေနှင်းမှုံ ၇၁၁ အစရှိသည်တို့ကို အဓိကစိုက်ပျိုးလျက်ရှိပြီး သီးနှံအလှည့်ကျစနစ်ကို ကျင့်သုံးရာတွင် **လယ်မြေများတွင်** မိုးကြိုဝါ (ရေသွင်း) → မိုးစပါး၊ မိုးကြိုနေကြာ → မိုးစပါး၊ **ယာမြေများတွင်** မိုးငရုတ် →မိုးနှောင်းဝါ၊ မိုးပဲတီစိမ်း →မိုးနှောင်းဝါ၊ မိုးပဲတီစိမ်း→ဆောင်းနေကြာ စသည့် သီးနှံပုံစံများကို တွေ့ရသည်။

*စာမျက်နှာ ၁၁ သို့*

- **ဝါစိုက်ပျိုးရေးတွင် ကတင်ကျေးရွာသည် ခေတ်အဆက်ဆက် မျိုးသစ်များကို စနစ်တကျ စိုက်ပျိုးခဲ့ကြသည်။ ၁၉၈၇ ခုနှစ်လောက်ဆီတွင် စတုန်းဗီး၊ (လွန်ကျော်-၃) စသည့် မျိုးများကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် (ငွေချည်-၆) မျိုးကို လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် (ရွှေတောင်- ၈၊ ရွှေတောင်- ၁၀)မျိုးများကို လည်းကောင်း၊ ၂၀၂၄ ခုနှစ်တွင် (ရွှေတောင်-၁၀၊ B-31၊ RAKA-666) မျိုးများကိုလည်းကောင်း ပြောင်းလဲစိုက်ပျိုးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ ကတင်ကျေးရွာသည် သမိုင်းအမွေအနှစ်နှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာတို့ကို ပေါင်းစပ်ကာ ကျေးလက်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် စံပြနမူနာကောင်း ကျေးရွာလေးအဖြစ် ဆက်လက်ရပ်တည်လျက်ရှိ**
- **ရမည်းသင်းမြို့နယ်တွင် တည်ရှိသော ကတင်ကျေးရွာသည် သဘာဝအလှတရားများ ပေါင်းစုထားသည့် နေရာလေးတစ်ခုဖြစ်ရုံမက ရိုးသားအေးချမ်းမှုနှင့် ပရဟိတစိတ်ထားများ ထွန်းကားရာနေရာဖြစ်ပြီး ဘိုးဘွားများလက်ထက်မှစ၍ သားစဉ်မြေးဆက် ဝါသီးနှံစိုက်ပျိုးလာခဲ့သော သမိုင်းဝင်ကျေးရွာတစ်ရွာလည်းဖြစ်**



## မြန်မာ - တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) လျှောင်ဒဏ်သင့်ဒေသများသို့ သွားရောက်၍ အလှူငွေများ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဇွန် ၉**

မြန်မာ -တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) မှ ဥက္ကဋ္ဌ ဦးတင်ဦး၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များသည် ဇွန် ၇ ရက်နှင့် ၈ ရက်တို့တွင် ငလျင်ဒဏ်သင့် နေပြည်တော်နှင့် ပျဉ်းမနားမြို့နယ်များသို့ သွားရောက်၍ အလှူငွေများ လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းရာတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကံလှကျောင်းတိုက် ငလျင်ဒဏ်သင့် သိမ် ပြန်လည်တည်ဆောက်ရန် ပျဉ်းမနားမြို့နယ် ကျောင်းကုန်းပရိယတ္တိကျောင်းတိုက် နံတော်စဉ် ပရိယတ္တိစာသင်တိုက် တောင်သာဘိုးဘွားရိပ်သာ သင်္ဃာရာမသီလရှင်စာသင်တိုက် ကင်မွန်းတန်းသိမ်ဆွမ်းစားကျောင်း ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်(အလယ်ရွာ)ကျောင်းတို့အတွက် အလှူငွေ သိန်း ၂၅၀၀ ကို လည်းကောင်း။

ဇွန် ၂ ရက်နှင့် ၃ ရက်တို့တွင်လည်း စစ်ကိုင်းမှ အငြိမ်းစား ဆရာ ဆရာမကြီးများ၏ နေအိမ်နှစ်လုံး ဆောက်လုပ်ရန် စစ်ကိုင်းမှ အငြိမ်းစား ဆရာ ဆရာမကြီးများ စစ်ကိုင်း ပြည်သူ့ဆေးရုံကြီး အီးစီဂျီစက်နှင့် လိုအပ်သောဆေးဝါးများ ဝယ်ယူရန် မန္တလေး ပြည်သူ့ဆေးရုံကြီး အီးစီဂျီစက် နှစ်လုံး၊ ချွဲစုပ်စက် နှစ်လုံးနှင့် သွေးစစ်ဌာနနှင့် ခွဲစိပ် ခန်းသုံးပစ္စည်းများ နှစ်လစာ ဝယ်ယူရန်အတွက် စုစုပေါင်း အလှူငွေ ၇၀၈ သိန်းကို လည်းကောင်း လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့နယ်၌ ဇခုန်-မလိခ ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်ပြီးစီး

**မြစ်ကြီးနား ဇွန် ၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်သည့် လမ်းခင်းကျင်းမှုကို ယနေ့ နံနက်ပိုင်းက ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းဦး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများသည် ဇခုန်ကျေးရွာနှင့် မလိခကျေးရွာကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ကျေးရွာချင်းဆက်လမ်းအား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် အရှည် ငါးဖာလုံ၊ အကျယ် ၁၈ ပေ၊ ဒု တစ်ပေ ငါးလက်မရှိပြီး မြစ်ကြီးနားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာများ စုပေါင်းပြီး ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ထိုသို့ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် အဆိုပါလမ်းကို အသုံးပြုနေသည့် ဒေသခံပြည်သူ ၆၅၃ ဦးတို့အတွက် ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**





## မှော်ဘီမြို့နယ်၌ မြေသားလမ်းချဲ့ခြင်းနှင့် တံတားပြုပြင်မည့်အစီအစဉ်များ ရှင်းလင်း

**မှော်ဘီ ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကြာအင်းစုရွာအဝင်လမ်း မြေသားလမ်းချဲ့ခြင်းနှင့် သစ်သားကြမ်းခင်းတံတားအား ပြုပြင်မည့်အစီအစဉ်များ ရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များကို မြို့နယ်ဦးစီးမှူး ဦးဝဏ္ဏစိုးက ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ရှင်းလင်းပြောကြားကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

*စာမျက်နှာ ၁၀ မှ*

မိုးကြိုရာသီတွင် ပင်ကြား၊ တန်းကြား (၂ ပေ ၅ လက်မ x ၂ ပေ ၅ လက်မ) စိုက်စနစ်ဖြင့် အများဆုံး စိုက်ပျိုးပြီး (၃ ပေ x ၆ လက်မ) စနစ်ကိုလည်း စမ်းသပ်စိုက်ပျိုးလျက်ရှိသည်။ မိုးနှောင်းရာသီ မိုးကောင်းသောက် ယာမြေများတွင် (၃ ပေ x ၃ ပေ) စနစ်ဖြင့် စိုက်ပျိုးပြီး ငရုတ်သီးနှံနှင့်လည်း သီးညှပ်စနစ်ဖြင့် စိုက်ပျိုးပါသည်။ ဤစိုက်ပျိုးရေးစနစ်များကြောင့် တစ်နှစ်ပတ်လုံး ဝင်ငွေရရှိမှု မှန်မှန်ရှိခြင်း၊ မြေဆီလွှာအာဟာရ ထိန်းသိမ်းနိုင်ခြင်း၊ သီးနှံအထွက်နှုန်းတိုးတက်ခြင်း ကျေးရွာ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိခြင်းကြောင့် ကတင်ကျေးရွာသည် ဤခေတ်မီစိုက်ပျိုးရေးနည်းလမ်းများဖြင့် ဝါသီးနှံစိုက်ပျိုးရေးတွင် စံပြအဖြစ် ရပ်တည်နိုင်နေပြီဖြစ်သည်။

### ဝါစံပြစိုက်ခင်းများနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ

ကျေးရွာရှိ တောင်သူစိုက်ခင်းများ၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်ရရှိရေး ဧက ၂၅၀ စံပြစိုက်ကွင်းကြီးကို လှပခမ်းနားစွာ စိုက်ပျိုးပြသထားသည်မှာ ရှုမျှော်မဆုံးသော ဝါစိုက်ခင်းများဖြင့် **ကတင်**ဆိုသည်က ဝါတို့၏ အောင်မြေဟု ပြောနေသည့် ပမာပင်ဖြစ်သည်။ ဤကတင်ရွာလေးဆီမှာတော့ စိုက်ပျိုးရေးပညာရှင်နှင့် တောင်သူကြား ချိတ်ဆက်ဆက်သွယ်မှုက နီးကပ်သည်ဟုဆိုရမည်ပင် ဖြစ်သည်။ စိုက်ပျိုးသူ တောင်သူများကလည်း တက်ကြွစွာပါဝင်ကြသည့် ဒေသဖြစ်သကဲ့သို့ စိုက်ပျိုးရေးပညာပေးဝန်ထမ်းများက ပညာပေးလုပ်ငန်းများကို အပြည့်အဝ တာဝန်ယူဆောင်ရွက်လျက်ရှိကြသည် ဆိုသည်က ဤစံပြ စိုက်ကွင်းကြီးက သက်သေပင်ဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ မျိုးစေ့ထုတ်စံပြကွက်များလည်း စနစ်တကျ စိုက်ပျိုးပြီး တောင်သူများ မျိုးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စိုက်ပျိုးလျက်ရှိသည်။ မျိုးစေ့ထုတ်စံပြကွက်၊ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်များ၊ ဝါတောင်သူများ ပါဝင်သော ရေမြေဒေသနှင့် ကိုက်ညီသည့် ချည်မျှင်ရှည်ဝါမျိုးကောင်းမျိုးသန့် ရွေးချယ်ရေးဆိုင်ရာ စမ်းသပ်ကွက်များကို ဆောင်ရွက်လျက်ရှိသည်။ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းစနစ်များကိုလည်း လိုက်နာဆောင်ရွက်လျက်ရှိသည်။

ပညာရှင်နှင့်တောင်သူလက်တွဲညီစွာ လျှောက်လှမ်းရာ လမ်းကလေးအဖြစ် တင်စားနိုင်သည့် နေရာလေးလည်းဖြစ်သည်။ ကတင်တောင်သူများအနေဖြင့် တောင်သူများ ကိုယ်တိုင်ပါဝင်ကာ မျိုးရွေးချယ်ခြင်းအစီအစဉ်တွင် စတင်ပါဝင်ဆောင်ရွက်ကြနေပြီဖြစ်ရာ ဒေသနှင့်သင့်တော်သော မျိုးများရရှိမည်ဖြစ်ကာ ဒေသခံများ၏ စိုက်ပျိုးရေးဆိုင်ရာ စွမ်းဆောင်ရည်ကို မြင့်မားစေနိုင်မည်ဖြစ်ပြီး ပညာရှင်၊ တောင်သူနှင့် သက်ဆိုင်သူများအားလုံး ပါဝင်ပတ်သက်ကာ လူထုလှုပ်ရှားမှုအသွင် လုပ်ဆောင်ရခြင်းကြောင့် အချင်းချင်း သွေးနီးချစ်ခင်စွာဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပရဟိတအသွင် လုပ်ဆောင်လာနိုင်မည်မှာ မလွဲဧကန်ပင် ဖြစ်သည်။

### ဝါစိုက်ပျိုးခြင်းမှ ကျေးရွာ၏ စီးပွားရေးနှင့် လူမှုဘဝ

ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်များ စိုက်ပျိုးဆောင်ရွက်လျက်ရှိရာတွင် ပြည်ပစပ်မျိုး B-31 အနေဖြင့် တစ်ဧကအထွက်နှုန်း (၁၀ ပိဿာ) ထွက်ရှိပြီး ရွှေတောင် ၇၃၀ အနေဖြင့် တစ်ဧကအထွက်နှုန်း ပိဿာ ၆၂၀ ထွက်ရှိသည်။ ဝါစိုက်ပျိုးခြင်းဖြင့် ထွက်ရှိလာသောဝါများကို ဒေသအတွင်းရှိ ဝါကြိတ်စက်ရုံ၊ ဝါလက်ခွဲပွဲစားများထံ အလွယ်တကူ ရောင်းချနိုင်သည့်အတွက် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ တိုးတက်မှုရှိသည်။ ကျေးရွာအခြေပြု လက်မှုလုပ်ငန်းအနေဖြင့် ကြေးလက်ကောက်၊ ကြေးလက်စွပ်၊ ဆံညှပ်၊ အပ်ချိတ်နှင့် အလှကုန်ပစ္စည်းများကို ကျေးရွာတွင် လက်မှုလုပ်ငန်းအနေဖြင့် ပြုလုပ်ပြီး မြန်မာနိုင်ငံ အနှံ့အပြားသို့ လှည့်လည်ရောင်းချလျက်ရှိသည်။

### ကတင်ကျေးရွာ၏ စိန်ခေါ်မှုများနှင့် အနာဂတ်မျှော်မှန်းချက်များ

**စိန်ခေါ်မှုများ**

- ရာသီဥတုအကျပ်အတည်း။ မမှန်သောမိုးရွာသွန်းမှု၊ အပူလှိုင်းများနှင့် ရေရှားပါးမှုတို့က စိုက်ပျိုးရေးကို ထိခိုက်စေသည်။
- ဈေးကွက်ယှဉ်ပြိုင်မှု။ နိုင်ငံတကာ ဝါဈေးကွက်နှင့် ပြည်တွင်းထုတ်လုပ်မှုအားနည်းချက်များ။
- နည်းပညာ။ ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် အရည်အသွေးမြင့်မျိုးစေ့များ လိုအပ်နေသေးခြင်း။

**အနာဂတ်လမ်းကြောင်း**

- စိုက်ပျိုးရေး အဆင့်မြှင့်တင်ခြင်းအတွက် ရေသွင်းစနစ်ဆိုင်ရာ သုတေသနများ၊ အက်စစ်ဖြင့် အမွေးချွတ်ပြီးသား အစေ့များကိုသာ အသုံးပြုစိုက်ပျိုးရေး၊ ပေါင်ကြီးတင်စနစ် အသုံးပြုစိုက်ပျိုးရေး၊ ဝါစိုက်ခင်းတွင် တစ်ဧကဝါပင်ဦးရေ မြှင့်တင်ပေးရန်နှင့် အပင်အရွယ်အစားအား ထိန်းသိမ်းရေးကို လိုအပ်သည့်အချိန်တွင် တောင်သူတိုင်း ဆောင်ရွက်ရန် ။
- တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးရေးအတွက် ဝါဂွမ်းအဆင့်မြှင့်တင်သည့် စက်ရုံများနှင့် ဒေသထွက်ကုန် ဈေးကွက်ချဲ့ထွင်ခြင်း။
- လူမှုစီးပွား အရှိန်အဟုန်မြှင့်တင်ရန် လူငယ်များအတွက် ပညာရေး၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ကျေးလက်ခရီးသွားလုပ်ငန်းများဆောင်ရွက်သွားရန် စသည်တို့အတွက် ပညာရှင်၊ တောင်သူနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဆက်စပ်ပတ်သက်သူများ ပူးပေါင်းကာ ဆောင်ရွက်ကြရင်း ကတင်ရပ်ဝန်းလေး ပိုမိုလင်းလက် တောက်ပလာပေလိမ့်မည်။ ကတင်ရွာဟူသည် ဝါသီးနှံအတွက် စံပြနေရာလေး ဖြစ်ရမည်သာမက ခေတ်မီစိုက်ပျိုးရေး၊ ခေတ်သစ်စိုက်ပျိုးရေး ကတင်ကစသည်ဟု ပြောစမတ်တွင်လာမည့် “ဝါစိုက်ပျိုးရာ ကတင်ရွာ” လေးအကြောင်း မှတ်တမ်းတင်ရေးသား တင်ပြလိုက်ရပါသည်။ ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီစာသင်တိုက်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၉**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓတက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးနေမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတောင်ရိုးဆွမ်းဦးပုညရှင်စေတီတော်နှင့် သာသနိကအဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများနှင့် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်မြို့မအားကစားခန်းမရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပစ္စည်းရရှိ/ထုတ်ပေးဌာန၌ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ လုပ်အားပေးဆောင်ရွက်နေသူများအားအားဖြည့်အချိုရည်များ ပေးအပ်သည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်ကိုင်းမြို့ မြို့တော်ခန်းမ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် နေအိမ်အဆောက်အအုံများ၊ မင်းလမ်းရပ်ကွက် ရတနာဗိမာန် ထူပါရုံရွှေကျောင်းတိုက်ရှိ သာသနိကအဆောက်အအုံများနှင့် သောတပန်ရပ်ကွက် သကျဓိတာသီလရှင်စာသင်တိုက်နှင့် လေးကျွန်းမာရ်အောင် မြတ်စွာဘုရားကြီးရှိ သာသနိကအဆောက်အအုံများ၌ စက်ယန္တရားကြီးများဖြင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းမှု၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စာသင်ကျောင်းအတွင်း ရေသန့်စက်ထားရှိမည့် အဆောက်အအုံသစ်ဆောက်လုပ်နေမှုနှင့် ယာယီကျောင်းဆောင်များ ဆောက်လုပ်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ မြို့မအားကစားခန်းမ၌ ငလျင်ဘေးသင့်ပြည်သူများ ကူညီကယ်ဆယ်ရေးပစ္စည်းများရရှိ/ထုတ်ပေးနေမှု ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် စစ်ကိုင်းတောင်ရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းအချို့ ပြန်လည်နေရာချထားနိုင်ရေးအတွက် ရွာထောင်ရပ်ကွက်ရှိ လျာထားမြေလွတ်နေရာအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရား ထိခိုက်ပျက်စီးခဲ့သော စေတီတော်၏ အနောက်မြောက်ထောင့်ရှိ ဂန္ဓကုဋိတိုက်အမိုးများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကြက်ယက်ဆုတောင်းပြည့်မြတ်စွာဘုရား၊ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရား၊ နန်းဦးကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ အဘယာရာမ မိုးထိကျောင်းတိုက်များသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများရှိ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ရှေးမူမပျက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ဆုံးပြီးစီးဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီစာသင်တိုက်၊ ကုလားကျောင်းကျေးရွာအုပ်စုရှိ ရွာဦးဘုန်းကြီးကျောင်း၊ ကိုးပင်ကျေးရွာအုပ်စုရှိ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများအား ရှင်းလင်းဖယ်ရှားနေမှုနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကုလားကျောင်းကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ မြန်မာသံတော်မြတ် ကုမ္ပဏီလီမိတက်၊ ကြံ့နှစ်ကောင် ဘိလပ်မြေစက်ရုံမှ လှူဒါန်းသည့် RC တစ်ထပ်စာသင်ကျောင်းဆောင် ဆောက်လုပ်နေမှုနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများနှင့် ကျောက်ဆည်မြို့ ကြောင်ပန်းကုန်းကျေးရွာအုပ်စုရှိ သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး၌ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား ဖယ်ရှားရှင်းလင်းပြီးစီးမှုနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် အီသီယိုးပီးယားနိုင်ငံသား ၄၃ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



**နေပြည်တော် ဇွန် ၉**
အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၄၃ ဦးကို မြန်မာ-ထိုင်း အမှတ် (၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၁၁၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၅၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၆၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုကျပ်အတွင်း ကျရောက်

**ရန်ကုန် ဇွန် ၉**
အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၅ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဇွန် ၉ ရက်ကပြုလုပ်ရာ မြန်မာအသင်း အုပ်စုကျပ်အတွင်း ကျရောက်ခဲ့သည်။

မြန်မာအသင်းသည် လက်ရှိချန်ပီယံ ဖိလစ်ပိုင်၊ အာရှထိပ်သီး အဆင့်ရှိ ဩစတြေးလျအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ် တက်ရောက်နိုင်ရန် ယင်းအသင်းများကို ကျော်ဖြတ်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဩဂုတ် ၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။




၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲ ကျင်းပစဉ်။

အုပ်စုခွဲဝေမှုအရ အုပ်စု (က) တွင် အိမ်ရှင်ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ) တွင် လက်ရှိချန်ပီယံ ဖိလစ်ပိုင်၊ မြန်မာ၊ ဩစတြေးလျနှင့် တီမောအသင်းတို့ ကျရောက်နေသည်။

မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၇ ရက်တွင် ဩစတြေးလျအသင်း၊ ဩဂုတ် ၁၀ ရက်တွင် တီမောအသင်း၊ ဩဂုတ် ၁၃ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ အုပ်စုပွဲများကို ဩဂုတ် ၆ ရက်မှ ၁၃ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၆ ရက်၊ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ဩဂုတ် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ၂၀၀၄ ခုနှစ်တွင် စတင်ကျင်းပသည့် ယင်းပြိုင်ပွဲတစ်လျှောက် ချန်ပီယံဆုနှစ်ကြိမ်၊ ဒုတိယ သုံးကြိမ်၊ တတိယ သုံးကြိမ်ရရှိထားပြီး နောက်ဆုံးကျင်းပသည့် ၂၀၂၂ ပြိုင်ပွဲတွင် တတိယဆုရရှိထားသည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၃ နှင့် ၂၀၂၄ ခုနှစ်တွင် ပြိုင်ပွဲမကျင်းပဘဲ ယခုနှစ်မှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ မြန်မာအမျိုးသမီး အသင်းသည် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ချန်ပီယံဆုရရှိပြီးနောက် နှစ်ပေါင်း ၂၀ နီးပါး ချန်ပီယံဆုနှင့် ဝေးကွာလျက်ရှိသည်။

**ကိုညီလေး၊ ဓာတ်ပုံ-VFF**

○ *ကျောဖုံးမှ*
မျိုးသုဉ်းလုနီး ရင်ဆိုင်နေရသည့် သင်းခွေချပ်အပြင် အင်းကျား၊ ကြံ့သူတော်၊ ကျားသစ်နက်၊ ကြောင်မြင်း၊ မလေးဝက်ဝံနှင့် အင်ဒိုချိုင်းနားကျား စသည့်မျိုးစိတ်များလည်း ရှင်သန်ကျက်စားလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော ၄က်မျိုးစိတ်သုံးမျိုးနှင့် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်လုနီးပါး ရင်ဆိုင်နေရသည့် ၄က်မျိုးစိတ် ၁၀ မျိုးအပါအဝင် ၄က်မျိုးစိတ်များစွာ တည်ရှိနေသည်။

တနင်္သာရီသဘာဝကြိုးဝိုင်းကို တိုင်းဒေသကြီးမြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ အပူပိုင်းမုတ်သုံသစ်တောဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်အတွက် ၂၀၀၅ ခုနှစ် မတ် ၃၀ ရက်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ အမှတ် ၁၈/၀၅ ထုတ်ပြန်၍ သတ်မှတ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

သစ်တောဦးစီးဌာနသည် သဘာဝကြိုးဝိုင်းအတွင်း အမာခံထိန်းသိမ်းရေးနယ်မြေ ၃၃၆၉၁၂ ဧက၊ ကြားခံထိန်းသိမ်းရေးနယ်မြေ ၇၉၉၅၂ ဧကနှင့် ဓာတ်ငွေ့ပိုက်လိုင်း ထိန်းသိမ်းရေးနယ်မြေ ၃၂၁၃ ဧကဟူ၍ ဇုန်နယ်မြေများ သတ်မှတ်ကာ စီမံအုပ်ချုပ်လျက်ရှိကြောင်း သိရသည်။

တနင်္သာရီသဘာဝကြိုးဝိုင်းသည် သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ဒေသခံအခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုတွင် အလားအလာရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်ပြီး ရေချိုအရင်းအမြစ်များစွာ တည်ရှိနေသည့်အတွက် တောတွင်းခရီးသွားလာခြင်း၊ လေ့လာရေးနှင့် သုတေသနပြုလုပ်ငန်းများကိုလည်း အကျိုးပြုလျက်ရှိသည်။

**သစ္စာ(MNA)**
**ဓာတ်ပုံ - တနင်္သာရီသဘာဝကြိုးဝိုင်း**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၉**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “ကိုဖိုး၀” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ပေါင်မြို့နယ် ကဒါရပ်ကွက်နေ ကျော်အာကာဝင်း(ခ)ဖိုးဝအား နံနက် ၁၀ နာရီခွဲတွင် ပေါင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

❒ *ကျောဖုံးမှ*
ပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီ သရေကျနေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပို မိနစ် ၃၀ တွင်လည်း တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပယ်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရသည်။

ပယ်နယ်တီ အဆုံးအဖြတ်တွင် ဂိုးသမား ကော်စတာက မိုရာတာ၏ ကန်သွင်းချက်ကို လက်စွမ်းပြကာကွယ်နိုင်ခဲ့သည့်အတွက် ပေါ်တူဂီအသင်းက ငါးဂိုး - သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းသည် ပေါ်တူဂီအသင်းထက် ဂိုးရရှိနိုင်သည့် အခွင့်အရေးများနှင့်အတူ ပွဲချိန်တစ်လျှောက် ဖိအားပေး တိုက်စစ်ဆင် ကစားနိုင်ခဲ့သော်လည်း နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခြင်း မရှိသည့်အတွက် ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့သည်။ ပေါ်တူဂီအသင်းဂိုးသမား ဒီယေဂို ကော်စတာသည် ပြိုင်ဘက်ကစားသမားများ၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည်။

ပေါ်တူဂီအသင်းသည် နေးရှင်းလိဂ်ဖလားကို ၂၀၁၉ ခုနှစ်က ပထမဆုံးအကြိမ် ဆွတ်ခူးရရှိထားသည့် အသင်းဖြစ်သည်။ ပေါ်တူဂီတိုက်စစ်ကစားသမားကြီး စီရော်နယ်ဒိုသည် ယူအီးအက်ဖ်အေက ကြီးမှူးကျင်းပသည့် ပြိုင်ပွဲများတွင် ပေါ်တူဂီအသင်းနှင့်အတူ ဆုဖလားသုံးလုံး ဆွတ်ခူးရရှိလာပြီဖြစ်သည်။

ထို့အပြင် ၂၀၂၃ ခုနှစ်က နည်းပြအဖြစ် စတင်တာဝန်ယူခဲ့သည့် ရော်ဘတ်တို မာတီနက်ဇ်သည် ပေါ်တူဂီအသင်းနှင့်အတူ ပထမဆုံးအကြိမ် နေးရှင်းလိဂ်ဖလားကို ဆွတ်ခူးအောင်ပွဲခံနိုင်ခဲ့သည်။

**အောင်ဇော်**

# မွန်ဂိုလီးယားနိုင်ငံသို့ နိုင်ငံခြားခရီးသွား စုစုပေါင်း ၂၂၆၃၆၄ ဦး လာရောက်လည်ပတ်



**အူလန်ဘာတာ ဇွန် ၉**

မွန်ဂိုလီးယားနိုင်ငံသို့ ၂၀၂၅ ခုနှစ် နှစ်စမှစကာ နိုင်ငံခြားခရီးသွား စုစုပေါင်း ၂၂၆၃၆၄ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း မွန်ဂိုလီးယားခရီးသွားအဖွဲ့၏ ဇွန် ၉ ရက်က ထုတ်ပြန်သည့် တရားဝင်အချက်အလက်များအရ သိရသည်။

ယခုနှစ်အတွင်း မွန်ဂိုလီးယားနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသွားအများစုမှာ တရုတ်၊ ရုရှားနှင့် တောင်ကိုရီးယားနိုင်ငံတို့မှဖြစ်ကြောင်း အချက်အလက်များအရ သိရသည်။

လက်ရှိတွင် မွန်ဂိုလီးယားနိုင်ငံ၏ စီးပွားရေးမှာ သတ္တုအရင်းအမြစ်များ တင်ပို့မှုအပေါ် အဓိက မှီခိုနေရကြောင်း သိရသည်။ နိုင်ငံ၏ ယဉ်ကျေးမှု၊ အားကစား၊ ခရီးသွားလုပ်ငန်းနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ပြောကြားချက်အရ မွန်ဂိုလီးယားအစိုးရသည် နိုင်ငံတွင်း လေးရာသီခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ၂၀၂၈ ခုနှစ်အထိ "Years to Visit Mongolia" ခရီးသွားလုပ်ငန်းအစီအစဉ်ကို ဆက်လက်ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ကုန်းတွင်းပိတ် အာရှနိုင်ငံဖြစ်သည့် မွန်ဂိုလီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ်က နိုင်ငံခြားခရီးသွားစုစုပေါင်း ၇၂၇၄၀၀ လာရောက်လည်ပတ်သောကြောင့် ခရီးသွားကဏ္ဍမှ ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူသစ် ၁၅၀ ရှိလာ

**ဟနွိုင်း ဇွန် ၉**

ဗီယက်နမ်နိုင်ငံ၌ မေ ၃၀ ရက်မှ ဇွန် ၆ ရက်အထိ ဟနွိုင်းမြို့တော်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၁၅၀ အတည်ပြုတွေ့ရှိကြောင်း ဗီယက်နမ် သတင်းအေဂျင်စီက ဇွန် ၉ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ ကူးစက်မှုမှာ ပြီးခဲ့သည့် သီတင်းပတ်ကထက် အနည်းငယ် ကျဆင်းသွားခဲ့ခြင်း ဖြစ်သည်။

၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းမှစကာ ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၅၈ ဦး တွေ့ရှိခဲ့ကြောင်း၊ ယင်းအရေအတွက်မှာ ၂၀၂၄ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ၁၀၉ ဦး လျော့နည်း ကျဆင်းကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# ကိုလံဘီယာနိုင်ငံ၌ ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခတ်

**ဘိုဂိုတာ ဇွန် ၉**

ကိုလံဘီယာနိုင်ငံအလယ်ပိုင်း၌ ဇွန် ၈ ရက်နံနက်ပိုင်းက ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး မြို့တော်၌ ငလျင်လှုပ်မှုကို ခံစားရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီ ၀၈ မိနစ်က ငလျင်လှုပ်မှုဖြစ်ပွားခဲ့ပြီး ငလျင်အနက်မှာ ၃၀ ကီလိုမီတာအောက်ရှိပြီး ငလျင်သည် ပါရာတဲဘူနီမြို့ ခူဒီနာမာကာ ဒေသကို ဗဟိုပြုခဲ့ကြောင်း ကိုလံဘီယာ ဘူမိဗေဒဌာနက ပြောကြားသည်။

သက်ဆိုင်ရာဌာနများက ငလျင်လှုပ်ခတ်မှု၏ အကျိုးသက်ရောက်မှုများကို အကဲဖြတ်နေသောကြောင့် ယခုအချိန်အထိ ထိခိုက်သေဆုံးမှုနှင့် ပျက်စီးမှုများကို ထုတ်ပြန်ထားခြင်း မရှိသေးပေ။

**ဆင်ဟွာ**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် လော့စ်အန်ဂျလိစ်တွင် အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ကို ဖြန့်ကြက်ချထား

**လော့စ်အန်ဂျလိစ် ဇွန် ၉**

ရွှေ့ပြောင်းအခြေချနေထိုင်သူများကို နှိမ်နင်းမှုများ လုပ်ဆောင်နေသည့်အပေါ် ကန့်ကွက်ဆန့်ကျင်ဆန္ဒပြနေသူများအား ဖြိုခွင်းရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏အမိန့်အရ အမေရိကန်အနောက်ပိုင်း လော့စ်အန်ဂျလိစ်မြို့တွင် အမျိုးသားကာကွယ်ရေးတပ်ဖွဲ့များကို ဖြန့်ကြက်ချထားကြောင်း သိရသည်။

ဇွန် ၆ ရက်က အမေရိကန်လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနသည် မြို့တော်အတွင်း အထောက်အထားမဲ့ ရွှေ့ပြောင်းအခြေချနေထိုင်သူများကို အကြီးအကျယ် နှိမ်နင်းဖြိုခွင်းမှုများ လုပ်ဆောင်ခဲ့သည်။ အဆိုပါ ဖြိုခွင်းမှုများကြောင့် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ပြီး တချို့ ဆန္ဒပြသူများသည် အကြမ်းဖက်အသွင်ကူးပြောင်းခဲ့သည်။

ဇွန် ၇ ရက် ညနေပိုင်းမှစပြီး တစ်ညလုံး လော့စ်အန်ဂျလိစ်မြို့လယ်ရှိ လမ်းများတွင် ဆန္ဒပြသူ ၁၂၀ ခန့်ရှိကြောင်း အေဘီစီသတင်းနှင့် တခြားအမေရိကန်မီဒီယာများတွင် ဖော်ပြခဲ့သည်။ ဆန္ဒပြသူအချို့သည် အာဏာပိုင်များ၏ အမိန့်ကို မနာခံခဲ့သည့်အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ဝင် ၂၀၀၀ ခန့်ကို တပ်ဖြန့်ချထားရန် အမိန့်ပေးခဲ့သည်။ တချို့သည် ဇွန် ၈ ရက်တွင် မြို့လယ်ကောင်သို့ ရောက်ရှိနေကြသည်။

အမျိုးသားကာကွယ်ရေးတပ်ဖွဲ့သည် ပုံမှန်အားဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ကွပ်ကဲမှုအောက်တွင်ရှိသော်လည်း အရေးပေါ်အခြေအနေတွင် အမေရိကန်သမ္မတက ၎င်းတို့ကိုခေါ်ယူပိုင်ခွင့်ရှိသည်။

ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂါဗင်နယူးစ်ကမ်က မစ္စတာ ထရမ့်၏လုပ်ဆောင်ချက်သည် တင်းမာမှုများကို ပိုမိုတိုးလာနိုင်စေကြောင်း ပြောကြားခဲ့ပြီး လော့အန်ဂျလိစ်မြို့တော်ဝန်ဘတ်စ်က တပ်ဖြန့်ချထားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# ဂါဇာကမ်းမြောင်ဒေသရှိ ကူညီကယ်ဆယ်ရေးဖြန့်ဖြူးရေးစင်တာများအနီး၌ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ၁၁၅ ဦးသေဆုံး

**ဂါဇာ ဇွန် ၉**

အမေရိကန် ကျောထောက်နောက်ခံပေးထားသည့် ကူညီကယ်ဆယ်ရေးပစ္စည်းဖြန့်ဖြူးရေးစင်တာများအနီး၌ အစ္စရေး၏ လွန်ခဲ့သော လနှောင်းပိုင်းမှ ယနေ့အချိန်အထိ တိုက်ခိုက်မှုများအတွင်း လူ ၁၁၅ ဦးသေဆုံးခဲ့သည်ဟု ဂါဇာကမ်းမြောင်ဒေသရှိ ကျန်းမာရေးအာဏာပိုင်များက ဇွန် ၈ ရက်က ပြောကြားလိုက်သည်။



စားရေရိက္ခာဆိုးရွားစွာ ပြတ်လပ်နေချိန်တွင် ဂါဇာလူသားချင်းစာနာထောက်ထားမှုဖောင်ဒေးရှင်းက မေ ၂၇ ရက်တွင် စားရေရိက္ခာများ စတင်ဖြန့်ဝေပေးခဲ့သည်။ အစ္စရေးက ကုလသမဂ္ဂဦးဆောင် အကူအညီပေးမှုများကို ကန့်သတ်တားမြစ်ထားသည်။ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့များသည် စားရေရိက္ခာဖြန့်ဖြူးရေးနေရာများသို့ ဦးတည်သွားနေသည့် ဒေသခံများကို ပစ်ခတ်မှုကြောင့် နေ့စဉ်နှင့်အမျှအသေအပျောက်များခဲ့ကြောင်း သိရသည်။

ဂါဇာလူသားချင်းစာနာထောက်ထားမှုဖောင်ဒေးရှင်းက ဇွန် ၉ ရက်တွင် စားရေရိက္ခာများ ဆက်လက်ဖြန့်ဝေခဲ့သည်။ ဂါဇာအလယ်ပိုင်းရှိ ကယ်ဆယ်ရေးစခန်းတစ်ခုအနီးတွင် အစ္စရေးဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် လူ ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသမီဒီယာများက ဇွန် ၉ ရက်တွင် ဖော်ပြခဲ့သည်။

အစ္စရေးတပ်ဖွဲ့များသည် ဟားမားစ်အဖွဲ့များကို ဖိအားဆက်လက်ပေးလျက်ရှိသည်။ လွန်ခဲ့သောလက လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားခဲ့သည့် အစ္စလာမ္မစ်အဖွဲ့၏ ထိပ်တန်းစစ်ခေါင်းဆောင်၏ ရုပ်အလောင်းကို ၎င်းတို့က အတည်ပြုခဲ့သည်။ ထို့အတူ ဆွီဒင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူ ဂရီတာသွန်းဘတ်ချ်ကိုတင်ဆောင်လာသည့်အစားအသောက်၊ ဆေးဝါးနှင့် တခြားအကူအညီများပေးမည့် ရေယာဉ်ကို ဂါဇာကမ်းမြောင်သို့ မရောက်စေရန် အစ္စရေးတပ်ဖွဲ့ဝင်များက တားဆီးခဲ့ကြောင်း သိရသည်။

ဂါဇာကမ်းလွန်ရေပြင်ကို အစ္စရေးတပ်ဖွဲ့များက သိမ်းပိုက်ထားသည်။ အဆိုပါရေယာဉ်ကို ပိုင်နက်ထဲမဝင်နိုင်အောင် တားဆီးရန် ကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်ဇ်က ညွှန်ကြားထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ကျောင်းပညာရေးဖြင့် မတက်ရောက်နိုင်သည့် ကလေးများ ကျောင်းပြင်ပ ပညာရေး၏ တန်းညှိပညာရေးအစီအစဉ်ဖြင့် တက်ရောက်နိုင်

TZT (MoE)

- **ကျောင်းပြင်ပ ပညာရေးသည် သင်ယူလိုသူတစ်ဦးချင်းစီအတွက် ပထမအကြိမ် ဆုံးရှုံးခဲ့ရသည့် အခွင့်အလမ်းကို ဒုတိယအကြိမ် အခွင့်အလမ်း (second chance)ပေးသည့် ပညာရေးဖြစ်သဖြင့် သမားရိုးကျဆောင်ရွက်ခြင်း မဟုတ်ဘဲ ပြုလွယ်ပြင်လွယ်အစီအစဉ်များဖြင့် နောက်ခံအခြေအနေမတူညီကြသော သင်ယူလိုသူများ၏ လိုအင်ကို ဖြည့်ဆည်းပေးနေသည့် ပညာရေးအစီအစဉ်ကောင်းတစ်ခုပင်ဖြစ်**
- **နိုင်ငံသားတစ်ဦးအနေဖြင့် ကျောင်းပြင်ပ ပညာရေးအစီအစဉ်နှင့် အခြားပညာရေးအစီအစဉ်များအကြားတွင် အပြန်အလှန်ကူးပြောင်းသင်ယူနိုင်မည့် သာတူညီမျှ အခွင့်အလမ်းများရရှိစေရန်အတွက် ရည်ရွယ်ဆောင်ရွက်ပေးနေသည့် ပညာရေးအစီအစဉ်တစ်ခုဖြစ်**
- **ကျောင်းပြင်ပ အလယ်တန်းပညာရေးသည် အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာအလယ်တန်းဆင့်သို့ တက်ရောက်ရန် အခက်အခဲရှိသောကလေးများ၊ အခြေခံပညာကျောင်းများမှ အလယ်တန်းဆင့်မပြီးမီ ကျောင်းထွက်ခဲ့ရသော ၁၃ နှစ်မှ ၁၈ နှစ်အတွင်းရှိ ကလေးများကို အခြေခံပညာအထက်တန်းအဆင့်သို့ ကူးပြောင်းသင်ယူနိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်ပြီး ဘဝရှေ့ရေးသာယာစေရန်အတွက် ဆောင်ရွက်ပေးနေသော အစီအစဉ်တစ်ရပ်ဖြစ်**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ ပုဒ်မ ၂၈ (က)ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်ဆိုသည့် ပြဋ္ဌာန်းချက်အရနှင့် အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၁၁၊ အခန်း (၅) တွင် နိုင်ငံတော်သည် အမျိုးသားပညာရေးစနစ် အကောင်အထည်ဖော်ရာတွင်-

(က) ကျောင်းပညာရေး၊

( ခ ) ကျောင်းပြင်ပပညာရေး၊

( ဂ ) ကိုယ်တိုင်သင်ယူပညာရေး။

ဟူသည့် ပညာရယူနည်းများကိုကျင့်သုံး၍ ယင်းတို့ကို တစ်ခုနှင့်တစ်ခု ဆက်စပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားရှိပါသည်။

ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် အမျိုးသားပညာရေး ဥပဒေအရ အမျိုးသားပညာရေးစနစ်တွင် ပညာရယူနည်းသုံးနည်းဖြင့် အကောင်အထည်ဖော်ရန် ပြဋ္ဌာန်းချက်အရလည်းကောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းပါ လုပ်ငန်းစဉ်များအရလည်းကောင်း ကျောင်းပြင်ပပညာရေးလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနအောက်တွင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာနကို ၂၀၁၆ ခုနှစ်အတွင်း ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

### ကျောင်းပညာရေး

ကျောင်းပညာရေးဆိုသည်မှာ သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့်အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသော သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော ကျောင်းအခြေပြု မူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးစသည်တို့ အကျုံးဝင်သည့် ပညာရေးဖြစ်သည်။

ကျောင်းပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အခြေခံပညာဦးစီးဌာနသည် နှစ်စဉ်ဇွန်လအတွင်း ကျောင်းဖွင့်ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့်အညီ အခြေခံပညာကျောင်းများ ဖွင့်လှစ်နေပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဆင့် ပညာရပ်များကို သင်ကြားပေးလျက်ရှိပါသည်။ မူလတန်းအဆင့်သို့ တက်ရောက်မည့်သူများအနေဖြင့် အသက်အုပ်စု ငါးနှစ်ပြည့်ပြီးသူများသည် KG သို့လည်းကောင်း၊ အသက် ခြောက်နှစ်ပြည့်ပြီး သူများသည် Grade-1 သို့လည်းကောင်း တက်ရောက်ခွင့်ရရှိကြပါသည်။

### ကျောင်းပြင်ပ ပညာရေး

ကျောင်းပြင်ပ ပညာရေးဆိုသည်မှာ သင်ရိုးညွှန်းတမ်းများကိုအခြေခံ၍ သင်ယူလိုသူများ ပညာရည်မြင့်မားလာစေရန် ကျောင်းပညာရေးစနစ်၏ ပြင်ပတွင် ပြင်ဆင်ပြောင်းလဲနိုင်သော နည်းလမ်းများဖြင့် စည်းရုံးသင်ကြားပေးသော ပညာရေးဖြစ်ပါသည်။

ကျောင်းပြင်ပ ပညာရေးကို အကောင်အထည်ဖော်ဆောင်နေသည့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာနသည် နှစ်စဉ် ဇူလိုင်လအတွင်း ကျောင်းနေအရွယ်လွန်ကလေးများ (သတ်မှတ်အသက်အုပ်စုနှင့် ကိုက်ညီသူများ)ကို သက်ဆိုင်ရာ လျာထား မြို့နယ်သီးသီး၏ ကျောင်းပြင်ပ ပညာရေး စခန်းများတွင် တက်ရောက်သင်ယူခွင့်ရရှိရေး စီစဉ်ပေးလျက်ရှိပါသည်။ အဆိုပါစခန်းများသို့ ကျောင်းပြင်ပ ပညာရေး တက်ရောက်နေသည့် ကလေးများအပြင် ကျောင်းပညာရေးတက်ရောက်ရာမှ အကြောင်းအမျိုးမျိုးဖြင့် ဆက်လက်မတက်ရောက်နိုင်သည့် ကလေးများကိုလည်း သတ်မှတ်အုပ်စုအတွင်း ရောက်ရှိနေပါက လက်ခံသင်ကြားပေးလျက်ရှိနေပါသည်။

ကျောင်းပြင်ပ ပညာရေးသည် သင်ယူလိုသူတစ်ဦးချင်းစီအတွက် ပထမအကြိမ် ဆုံးရှုံးခဲ့ရသည့် အခွင့်အလမ်းကို ဒုတိယအကြိမ် အခွင့်အလမ်း (second chance) ပေးသည့် ပညာရေးဖြစ်သဖြင့် သမားရိုးကျဆောင်ရွက်ခြင်းမဟုတ်ဘဲ ပြုလွယ်ပြင်လွယ်အစီအစဉ်များဖြင့် နောက်ခံအခြေအနေမတူညီကြသော သင်ယူလိုသူများ၏ လိုအင်ကို ဖြည့်ဆည်းပေးနေသည့်ပညာရေးအစီအစဉ်ကောင်းတစ်ခုပင်ဖြစ်ပါသည်။ ကျောင်းပြင်ပ ပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ အချင်းချင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်သောဒေသများတွင် ပိုမိုထိရောက်မှုရှိနေကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

### တန်းညှိပညာရေး

တန်းညှိပညာရေး အစီအစဉ်ဆိုသည်မှာ ကျောင်းပြင်ပ ပညာရေးအစီအစဉ်အရ သင်ယူရရှိသည့် ပညာအဆင့်အတန်းကို ကျောင်းပညာရေး အဆင့်အတန်းများနှင့် အရည်အချင်း ညှိနှိုင်းသတ်မှတ်ပေးသော အစီအစဉ်တစ်ခုဖြစ်ပါသည်။

### အပြန်အလှန်ကူးပြောင်းသင်ကြားခွင့်

နိုင်ငံတော်အစိုးရသည် အကြောင်းအမျိုးမျိုးကြောင့် ပညာရေးအခွင့်အလမ်းဆုံးရှုံးခဲ့ရသော ကလေးများ၊ ကျောင်းချိန်ကာလအတွင်း ကျောင်းမတက်၊ ကျောင်းမနေနိုင်ခဲ့သည့် ကျောင်းပြင်ပရောက် သက်လွန်ကလေးများကို ကျောင်းပြင်ပ ပညာရေးဖြင့် ပညာဆက်လက်သင်ယူနိုင်ခွင့်ရရှိစေရန်အတွက် ကျောင်းပြင်ပမူလတန်းပညာရေး (Non-Formal Primary Education – NFPE)နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး (Non-Formal Middle Education – NFME) အစီအစဉ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေပါသည်။

ကျောင်းပြင်ပမူလတန်းပညာရေး Level-1၊ Level-2 သင်ယူပြီးမြောက်ပါက အခြေခံပညာကျောင်းပညာရေးသို့ ဆက်လက်ကူးပြောင်းသင်ယူနိုင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနနှင့် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးတို့က လက်မှတ်ရေးထိုးပြီး သင်ယူပြီးမြောက်ခြင်း လက်မှတ်ထုတ်ပေးလျက်ရှိပါသည်။ ကျောင်းပြင်ပမူလတန်းပညာရေး Level-1 ပြီးမြောက်ပါက အခြေခံပညာမူလတန်းဆင့် Grade-4 သို့လည်းကောင်း၊ Level-2 ပြီးမြောက်ပါက အခြေခံပညာအလယ်တန်းဆင့် Grade-6 သို့လည်းကောင်း ဆက်လက်တက်ရောက် သင်ယူခွင့် ရရှိမည်ဖြစ်ပါသည်။

ကျောင်းပြင်ပအလယ်တန်းပညာရေးတွင် ပညာသင်နှစ် သုံးနှစ် ပြီးမြောက်မှသာလျှင် အောင်မြင်ပြီးမြောက်ကြောင်း လက်မှတ်ထုတ်ပေးပါသည်။ ၎င်းလက်မှတ်ဖြင့် အခြေခံပညာ အထက်တန်းဆင့် Grade- 10 သို့လည်းကောင်း၊ သက်မွေးပညာကျောင်းများသို့လည်းကောင်း ဆက်လက်တက်ရောက်သင်ယူနိုင်ခွင့် ရရှိမည်ဖြစ်ပါသည်။ နိုင်ငံသားတစ်ဦးအနေဖြင့် ကျောင်းပြင်ပ ပညာရေး အစီအစဉ်နှင့်အခြားပညာရေးအစီအစဉ်များအကြားတွင် အပြန်အလှန်ကူးပြောင်းသင်ယူနိုင်မည့် သာတူညီမျှအခွင့်အလမ်းများရရှိစေရန်အတွက် ရည်ရွယ်ဆောင်ရွက်ပေးနေသည့် ပညာရေး အစီအစဉ်တစ်ခုဖြစ်ပါသည်။

### ကျောင်းပြင်ပ ပညာရေး သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်ထားရှိမှု

အခြေခံပညာစနစ်သစ်ပညာရေး KG+12 အရ အခြေခံပညာသင်ရိုးသစ်နှင့် ကိုက်ညီစေရေးအတွက် ကျောင်းပြင်ပ ပညာရေး သင်ရိုးညွှန်းတမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဌာနတွင်းဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပြီးနောက် ပြင်ဆင်၊ ဖြည့်စွက်ပြီးသော ကျောင်းပြင်ပမူလတန်းပညာရေး သင်ရိုး (မူကြမ်း)ကို ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (သင်ရိုးညွှန်းတမ်းဗဟိုဌာန)တွင် စိစစ်တည်းဖြတ် ပြင်ဆင်ဖြည့်စွက်စေပြီးနောက် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီသို့ဆက်လက်တင်ပြ အတည်ပြုချက်ရယူလျက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်၍ ကျောင်းပြင်ပမူလတန်းပညာရေး သင်ရိုးညွှန်းတမ်းများအား အဆင့်မြှင့်တင်မှု ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျောင်းပြင်ပ ပညာရေး တက်ရောက်နေသည့် ကျောင်းသားတစ်ဦးချင်းစီ၏ အရည်အသွေး တိုးတက်စေရန်အတွက် ကျောင်းပညာရေးတွင် သင်ကြားနေသော သင်ရိုးညွှန်းတမ်း၏ နယ်ပယ်များဖြစ်သည့် အသိပညာ(Knowledge)၊ ကျွမ်းကျင်မှု (Skills)နှင့် စိတ်ဓာတ်မြင့်မားရေး (Attitude) တို့ ရရှိစေရန်အတွက်လည်း ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနသည် ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (သင်ရိုးညွှန်းတမ်းဗဟိုဌာနခွဲ)၊ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနမှ သင်ရိုးကျွမ်းကျင်သူများနှင့်ပူးပေါင်း၍ ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး သင်ရိုးညွှန်းတမ်းအသစ်များကို အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ စိစစ်ခွင့်ပြုချက်များနှင့်အညီ ဘာသာရပ်ဆိုင်ရာ ပြဋ္ဌာန်းစာအုပ်အသစ်များ ပြုစုထုတ်ဝေနိုင်ခဲ့ပါသည်။

### ကျောင်းပြင်ပ ပညာရေးတက်ရောက်နိုင်သည့် အသက်ကန့်သတ်ချက်များ

ကျောင်းပြင်ပ မူလတန်းပညာရေးသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေခဲ့ဖူးသူ၊ ကျောင်းနေခဲ့သော်လည်း မူလတန်းပညာမပြီးဆုံးမီ ကျောင်းထွက်စောခဲ့သူ၊ အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း ကလေးများကို ဒုတိယအကြိမ် ပညာသင်ယူမှုအခွင့်အလမ်း ထပ်မံဖြည့်ဆည်းပေးရန်နှင့် ဆက်လက်သင်ယူခွင့်ရရှိစေရန် ရည်ရွယ်လျက်

*စာမျက်နှာ ၁၇ သို့*

## သထုံခရိုင် ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**သထုံ ဇွန် ၉**

မွန်ပြည်နယ် သထုံမြို့နယ်၌ ယနေ့နံနက်ပိုင်းက ဘင်လှိုင်ရပ်ကွက်ရှိ သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ခရိုင်ပြည်သူ့စာကြည့်တိုက်၏ လူထုအခြေပြုဗဟိုဌာနခန်းမ၌ အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းတို့ကို ပြုလုပ်သည်။



ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ ယဉ်ကျေးလိမ္မာရေး၊ အချိန်ကို အကျိုးရှိစွာ အသုံးပြုရေး၊ ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးပြီး ပုံပြင်ပြော၊ ကဗျာရွတ်၊ ဉာဏ်စမ်း၊ ပန်းချီဆွဲပြိုင်ပွဲများကို ပြုလုပ်ပေးရာ မူလွန်(ဝါးတော)ကျောင်းမှ ကျောင်းသားကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ပြီး တာဝန်ရှိသူများက ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် စာအုပ်စာစောင်များ၊ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဆိပ်ကမ်းမြို့နယ်တို့၌ အခွန်ဆိုင်ရာ အသိပညာပေး

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့၌ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေးကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲထားရှိမှုများကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နန္ဒာဝင်း ဦးဆောင်သည့် ပူးပေါင်းအဖွဲ့များက ပြေစာအမှတ်တံဆိပ်ကပ်နှိပ် ရောင်းချရသောဆိုင်များတွင် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ” ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**နေမျိုးအောင်(ပြန်/ဆက်)**

## ဇနေဖြူမြို့နယ်၌ ဧရာဝတီမြစ်အတွင်း သဘာဝဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ



**ဇနေဖြူ ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး ဇနေဖြူမြို့နယ်၌ သဘာဝဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၄)ရပ်ကွက် ဧရာဝတီမြစ်အတွင်း ဆောင်ရွက်ရာ အဆိုပါ သဘာဝဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်း(ရေပြင်ရှာဖွေကယ်ဆယ်ခြင်း) သရုပ်ပြဆောင်ရွက်မှုကို မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်၍ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့က သရုပ်ပြလေ့ကျင့်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**မော်လမြိုင်ကျွန်း ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ယနေ့နံနက်ပိုင်းမှစတင်ကာ မြို့နယ်ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကော်မတီက အများပြည်သူ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် ဘဲဥတို့ကို ဈေးနှုန်းသက်သာစွာဖြင့် မဟာဗန္ဓုလ(၁၁)လမ်းထောင့် မြို့မဈေးထိပ်၌ လက်လီရောင်းချပေးသည်။

အဆိုပါရောင်းချရာသို့ မြို့နယ်ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များက ဝယ်ယူကြသူများအား ကြည့်ရှုအားပေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**



ကြီးမြန်သစ်ပင်
စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ
ပြည်လည်းလှ။

*စာမျက်နှာ ၁၆ မှ*

ဆောင်ရွက်ပေးသော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်နှင့်အညီ ကျောင်းပြင်ပမူလတန်း ပညာရေးတွင် ပညာသင်နှစ်ကာလ နှစ်နှစ်ဖြစ်သော NFPE Level 1 (ပထမဆင့်)နှင့် ဒုတိယဆင့် NFPE Level 2 (ဒုတိယဆင့်)တို့ကို တက်ရောက်နိုင်ပါသည်။

ထို့အတူ ကျောင်းပြင်ပအလယ်တန်းပညာရေးသည် အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာအလယ်တန်းဆင့်သို့ တက်ရောက်ရန် အခက်အခဲရှိသောကလေးများ၊ အခြေခံပညာကျောင်းများမှ အလယ်တန်းဆင့်မပြီးမီ ကျောင်းထွက်ခဲ့ရသော ၁၃ နှစ်မှ ၁၈ နှစ်အတွင်းရှိ ကလေးများကို အခြေခံပညာ အထက်တန်းအဆင့်သို့ ကူးပြောင်းသင်ယူနိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်ပြီး ဘဝရှေ့ရေးသာယာစေရန်အတွက် ဆောင်ရွက်ပေးနေသော အစီအစဉ်တစ်ရပ်ဖြစ်ပါသည်။

### ကျောင်းပြင်ပ ပညာရေး၏ ဝင်ခွင့်အတွက်စစ်ဆေးခြင်း

မူလတန်းပညာရေးကိုပြီးဆုံးအောင်မတက်ခဲ့ရသည့် ကလေးများသည် ကျောင်းပြင်ပမူလတန်းပညာရေးကို တက်ရောက်မည်ဆိုပါက အရည်အချင်းစစ်ဆေးလွှာ (Test Card) ဖြင့် စစ်ဆေးခံရမည်ဖြစ်ပြီး တာဝန်ရှိသူများက Level သတ်မှတ်ပေးပြီးနောက် သက်ဆိုင်ရာစခန်းတွင် သင်ကြားသင်ယူမှု ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ထို့အတူအလယ်တန်းပညာရေး မပြီးဆုံးသေးသောကလေးများသည်လည်း ကျောင်းပြင်ပ အလယ်တန်းပညာရေးကို တက်ရောက်မည်ဆိုပါက NFPE Level (2) ပြီးမြောက်သူနှင့် ပဉ္စမတန်းအောင်သူများသည် NFME Level – 1 သို့လည်းကောင်း၊ ဆဋ္ဌမတန်းအောင်သူများသည် NFME Level – 2 သို့လည်းကောင်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်းအောင်သူများသည် NFME Level – 3 သို့လည်းကောင်း တက်ရောက်သင်ယူနိုင်ခွင့် ရရှိကြမည်ဖြစ်ပါသည်။

### ကျောင်းပြင်ပ ပညာရေး၏ အောင်မြင်မှုအသီးအပွင့်များ

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနအသစ်ဖွင့်လှစ်ပြီးနောက် ၂၀၁၆–၂၀၁၇ ပညာသင်နှစ်မှ ၂၀၂၄–၂၀၂၅ ပညာသင်နှစ်အထိ ကျောင်းပြင်ပမူလတန်းကလေးငယ် ၅၄၂၈၀ ကိုလည်းကောင်း၊ ကျောင်းပြင်ပအလယ်တန်းပညာရေး ကလေးငယ် ၁၉၉၉ ဦးကိုလည်းကောင်း သင်ကြားသင်ယူခွင့်များရရှိစေခဲ့ပါသည်။ အထက်ဖော်ပြပါ ကျောင်းပြင်ပ ပညာရေးဖြင့် သင်ကြားသင်ယူခွင့်ရရှိခဲ့သော ကလေးငယ်များအနက် ထူးခြားအောင်မြင်ခဲ့သူများအနေဖြင့် ၂၀၁၆ မှ ၂၀၂၃ အထိ ကျောင်းပြင်ပမူလတန်း ပျိုးထောင်မှုမှ တစ်ဆင့် အခြေခံပညာအထက်တန်းအဆင့်အထိ တက်ရောက်နိုင်ခဲ့ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သူ ၁၂၃ ဦးရှိခဲ့ပြီး ဖြစ်ပါသည်။

ဤနေရာတွင် စာရေးသူတင်ပြလိုသော အချက်တစ်ချက်ရှိပါသည်။ စာရေးသူ၏ ဆရာသမားတစ်ဦးဖြစ်သော ယခုအငြိမ်းစားဆရာမကြီးတစ်ဦးသည် ပညာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်စဉ်ကာလ၌ “ Education for All” အရ “ လူတိုင်းအတွက် ပညာရေး” ဟု ဆိုနိုင်သကဲ့သို့ “All for Education” “ပညာရေးအတွက် လူအားလုံးတာဝန်ရှိကြောင်း” ပြောဆိုခဲ့သည်ကို ကြားသိခဲ့ရပါသည်။ ယခုအချိန်သည် အဆိုပါဆရာမကြီး ပြောခဲ့သလို ပညာရေးအတွက် အားလုံးတွင်တာဝန်ရှိနေသည်မှာ ပကတိအမှန်တရားတစ်ခုပင် ဖြစ်နေပါသည်။

အချုပ်အားဖြင့်ဆိုသော် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိနေကြသည့် ကလေးများအတွက် တန်းညှိပညာရေး အစီအစဉ်ဖြစ်သော ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်များသည် နိုင်ငံအတွင်း အမှန်တကယ် ပထမအကြိမ်ပညာသင်ယူခွင့် ဆုံးရှုံးနစ်နာခဲ့ရသည့် ကလေးသူငယ်များအတွက် ဒုတိယအကြိမ် ကြိုးစားခွင့်ဖန်တီးပေးထားသည့် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပါသည်။ သို့ရာတွင် ဒုတိယအကြိမ်အခွင့်အလမ်းအား ကျောင်းပြင်ပရောက် ကလေးငယ်တိုင်းရရှိစေရန်မှာ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ လုပ်ငန်းရှင်များ၊ မိဘ (သို့မဟုတ်) အုပ်ထိန်းသူများ၊ ဆရာဆရာမတို့၏ စေတနာမေတ္တာအရင်းခံဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့အပေါ်တွင် များစွာမူတည်နေကြောင်း စာရေးသူအနေဖြင့် တင်ပြလိုပါသည်။

အဆိုပါကလေးငယ်များ၏ ဒုတိယအကြိမ်အခွင့်အလမ်းကို ထပ်မံဆုံးရှုံးခဲ့ရပါက ကလေးငယ်အတွက်သာမက ၎င်း၏မိသားစုနှင့် ပတ်ဝန်းကျင်၊ ထိုမှတစ်ဆင့် နိုင်ငံတော်အတွက် ထိခိုက်ဆုံးရှုံးမှုများစွာ ရှိနေပါသဖြင့် ပြည်သူတစ်ရပ်လုံး၏ ပံ့ပိုးကူညီမှုဖြင့် ပစ္စုပ္ပန်နှင့် အနာဂတ်နိုင်ငံတော်ကြီးတွင် အစဉ်လေ့လာသင်ယူနေသည့် လူ့အဖွဲ့အစည်းဖြစ်လာစေရန်အတွက်သော်လည်းကောင်း၊ ဗလငါးတန်ဖွံ့ဖြိုး၍ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိပြီး အကျင့်စာရိတ္တကောင်းမွန်သည့်လူငယ်များပေါ်ထွန်းလာစေရေးအတွက်သော်လည်းကောင်း ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းပညာရေးသာမက ကျောင်းပြင်ပပညာရေးဖြင့် ဟန်ချက်ညီညီ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် “Education for All” မှသည် “All for Education” အဖြစ်သို့ ဆောင်ရွက်နိုင်ကြရေးအတွက် ပညာရေးဝန်ကြီးဌာန အပါအဝင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ သင်ကြားရေးဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ နယ်စပ်ဒေသ၊ ကျေးရွာ၊ ရပ်ကွက်အလိုက် တာဝန်ရှိသူများ အားလုံးပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## တာချီလိတ်မြို့၌ ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပ

**တာချီလိတ် ဇွန် ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန တာချီလိတ်ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ယနေ့ နံနက် ၉ နာရီက လွယ်စတုံကျေးရွာအနီး အမှတ်(၃၃၁) ခြေမြန်တပ်ရင်း၌ ကျင်းပသည်။



ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်းက အမက(လွယ်စတုံ)ဆရာမများနှင့် လွယ်စတုံ(ပေါ်) ကျေးရွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဝေသုံက လွယ်စတုံ(အောက်) ကျေးရွာနှင့်ဖာတီမာကုန်းကျေးရွာ တာဝန်ရှိသူများနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းသိန်းက လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များ ပေးအပ်သည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူ ၅၂၀ တို့က ကျွန်း ၂၀၀၊ မဟော်ဂနီ ၂၀၀၊ မဲဇလီ ၂၀၀၊ မန်ကျည်းရှား ၄၆၀၊ စိန်ပန်းကြီး ၅၀၊ ကံ့ကော် ၅၀၊ ခရေ ၅၀ စသည့် ပျိုးပင် စုစုပေါင်း ၁၂၁၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**

## အောင်လံမြို့နယ်၌ လယ်ယာကေမျာစွာကို အကျိုးပြုမည့် ကျေးလက် ကုန်ထုတ်လမ်း / တံတား ဖောက်လုပ်လျက်ရှိ

**အောင်လံ ဇွန် ၉**

အောင်လံမြို့နယ်၌ ကျေးလက် ကုန်ထုတ် လမ်း / တံတားများ ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ရွှေသူဌေး ကျေးရွာတွင် အရှည် ၆ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ မြေသားတစ်ပေ၊ သဲဖြူနံး ဒု ကိုးလက်မရှိ ကျေးလက် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ၎င်းလမ်းပေါ်ရှိ အလျား ခြောက်ပေ၊ အနံပေ ၂၀၊ အမြင့် ခြောက်ပေရှိ Slab Culvert ကုန်ထုတ်တံတားတစ်စင်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးဆွေးနွေး ညှိနှိုင်းပေးသည်။



အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း/တံတား ဖောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၃၅ သိန်း အသုံးပြု၍ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး ၂၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

## မှော်ဘီမြို့နယ်၌ နတ်ရဲကွင်း-မရမ်းဆည်လမ်း ကွန်ကရစ်တံတားတည်ဆောက်မည်



**မှော်ဘီ ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ရန်ပုံငွေဖြင့် နတ်ရဲကွင်း-မရမ်းဆည်လမ်း မြေသားလမ်းနှင့် ကွန်ကရစ်တံတားတည်ဆောက်မည်ဖြစ်ပြီး ယင်းအစီအစဉ်များ ရှင်းလင်းပြောကြားခြင်းကို ယမန်နေ့က ပြုလုပ်သည်။

အဆိုပါ နတ်ရဲကွင်း -မရမ်းဆည်လမ်း မြေသားလမ်း ဆောင်ရွက်ခြင်းနှင့် ကွန်ကရစ်တံတားတည်ဆောက်ခြင်း လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို မှော်ဘီမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝဏ္ဏစိုးက ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။ **ဝင်းဇော်(မှော်ဘီ)**



## ထန်းတပင်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် နဲသမိန်-အောက်ခြံတန်း ကျေးရွာချင်းဆက်လမ်းကို အဆင့်မြှင့်တင်မည်ဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် မြို့နယ်ဦးစီးအရာရှိ ဒေါ်အိမြတ်ခိုင်နှင့် တာဝန်ရှိသူများက ကွန်ကရစ်ခင်းခြင်းလုပ်ငန်း အကျယ် ၁၂ ပေနှင့် အရှည် ၃၀၃၇ ပေ ဆောင်ရွက်သွားမည့် မြေသားလမ်းနေရာ၏ မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



## ရမည်းသင်းမြို့နယ်၌ သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

**ရမည်းသင်း ဇွန် ၉**

ရမည်းသင်းခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများက မြို့မဈေးအတွင်းနှင့် လူစည်ကားရာနေရာများ၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး နှိုးဆော်ခြင်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံ အနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး၊ ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ရေစကြိုမြို့နယ်အတွင်း မတ်ပဲသီးနှံ စိုက်ပျိုးရိတ်သိမ်းမှုနှင့် ဈေးကွက်

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မတ်ပဲ (နွေ) သီးနှံကို အများအပြား စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မတ်ပဲ(နွေ) သီးနှံကို ဒီဇင်ဘာလနှင့် ဇန်နဝါရီလများ၌ စတင်စိုက်ပျိုးကြပြီး မေလနှင့် ဇွန်လများတွင် ရိတ်သိမ်းရကြောင်း၊ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး



တစ်ဧကလျှင် မတ်ပဲမျိုးစေ့ နှစ်တင်းခန့် ကုန်ကျစိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ၊ ရိတ်သိမ်းခြွေလှေ့ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၈-၁၀ သိန်းကျပ်ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် မတ်ပဲ ၂၀-၂၅ တင်းခန့်ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပခုက္ကူမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် မတ်ပဲသီးနှံများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ ရာသီဥတုဒဏ်ခံနိုင်ပြီး ပျက်စီးဆုံးရှုံးမှုနည်းပါးသော မတ်ပဲ(နွေ) သီးနှံကို သီးထပ်အဖြစ် အများအပြား စိုက်ပျိုးကြကြောင်း မတ်ပဲ (နွေ) သီးနှံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မကွေး)**

# ကောက်ရိုးမှိုစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပျိုးမှိုများကိုလည်း စိုက်ပျိုးရောင်းချကြကြောင်း သိရသည်။

ပျိုးမှိုစိုက်ပျိုးမှုတွင် ငွေနှင်းမှိုနှင့် ကောက်ရိုးမှိုဟူ၍ရှိပြီး ငွေနှင်းမှိုမှာ စားသုံးသူနည်း၍ ကောက်ရိုးမှိုမှာ စားသုံးသူများပြားကြောင်း၊ ကောက်ရိုးမှိုကို နေရာဒေသမရွေး တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး ကုန်ကြမ်းအနေဖြင့် ကောက်ရိုး၊ ဖေဒါ၊ ငှက်ပျောရွက်၊ ဂျပ်စက္ကူနှင့် နွားချေးများကိုအသုံးပြု၍ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ကောက်ရိုးမှို ၁၀ ပေါင်ခန့်အတွက် မျိုးထုပ် ၃-၄ ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး နှစ်ပတ်ခန့် အကြာတွင် မှိုများကို စတင်နုတ်ယူရောင်းချနိုင်ကြောင်း၊ ကောက်ရိုးမှို ၁၀ ပေါင် စိုက်ပျိုးရာတွင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၄၅၀၀၀၀ ခန့် ကုန်ကျပြီး သက်တမ်းအားဖြင့် တစ်လခန့် နုတ်ယူရောင်းချနိုင်ကြောင်း၊ မှိုစိုက်ပေါင် ၁၀ ပေါင်လျှင် မှိုပိဿာချိန် ၁၀၀-၁၅၀ ခန့် ထွက်ရှိပြီး ဈေးကွက်အနေဖြင့် ကုန်စိမ်းသည်များမှ မှိုစိုက်ခင်းသို့ လာရောက်ဝယ်ယူကာ ထိုမှတစ်ဆင့် ဒေသတွင်းဈေးများသို့ ပြန်လည် ရောင်းချကြကြောင်း၊ မှိုစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကာ အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။

**DOCA (မန္တလေး)**

# ကုလားပဲဈေးနှုန်းကောင်းမွန်၍ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်း ရေဝတီမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပြည်တွင်း စားသုံးမှုများပြီး ပြည်ပပို့ကုန် ပဲတစ်မျိုးဖြစ်သော ဈေးကွက်ခိုင်မာမှုရှိသည့် ကုလားပဲသီးနှံကိုမြစ်ရေဝင် ကိုင်းကျွန်းမြေများ၊ ကြက်သွန်ခင်းကျွတ်နှင့် စပါးခင်းကျွတ်များတွင် စိုက်ဧက ၅၀၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ကုလားပဲသီးနှံသည် စိုက်ပျိုးပြီး လေးလကျော်ခန့်အကြာတွင် ထွက်ပေါ်ကြောင်း၊ ကုလားပဲလုံးကြီး (အဖြူ) V6 မျိုးကို အများဆုံးစိုက်ပျိုးလျက်ရှိပြီး ကုလားပဲသီးနှံများမှာ စိုက်ပျိုးရာတွင် လွယ်ကူ၍ ကုန်ကျစရိတ်သက်သာကာ သီးနှံအထွက်နှုန်း ကောင်းမွန်ခြင်းကြောင့် ပိုမိုတိုးချဲ့စိုက်ပျိုးကြကြောင်း၊ ကုလားပဲသီးနှံကို မြေအောက်ရေအပြင် ရေသွင်းစနစ်ဖြင့် စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့နှစ်တင်းခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၇ သိန်းခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တင်း ၂၀-၂၂ တင်း ခန့်ထွက်ရှိကြောင်း၊ သီးနှံစတင်ထွက်ပေါ်ချိန်တွင် ဈေးနှုန်းကောင်းမွန်ကြောင်း၊ အချို့ဒေသခံတောင်သူများမှာ ကုလားပဲသီးနှံကို သိုလှောင်ထားရှိပြီး ဈေးနှုန်းဈေးကွက်အပေါ် မူတည်၍ ရောင်းချကြကြောင်း၊ ဈေးကွက်အနေဖြင့် ကုလားပဲများကို ဆိပ်ဖြူမြို့နှင့် ချောက်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ပြည်တွင်း ပဲဈေးကွက် မြင့်တက်လာသည်နှင့်အမျှ ကုလားပဲသီးနှံအထွက် နှုန်းကောင်းမွန်၍ ဈေးနှုန်းမှာလည်း တရိပ်ရိပ်မြင့်တက်လာပြီး အရောင်းအဝယ် ဖြစ်လျက်ရှိရာ အကျိုးအမြတ်များ ပိုမိုရရှိကြောင်း ကုလားပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မကွေး)**

# ကျောက်ဆည်မြို့နယ်၌ မြှုပ်ခရမ်းသီးများ လှိုင်လှိုင်ပေါ်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ရာသီမရွေး စိုက်ပျိုးနိုင်သည့် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော မြှုပ်ခရမ်းသီးကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

မြှုပ်ခရမ်းသီးသည် ရာသီမရွေး တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် စတင်ခူးဆွတ်နိုင်ကြောင်း၊ မြှုပ်ခရမ်း အလုံးသေးမျိုးများကို စိုက်ပျိုးကြပြီး မျိုးစေ့ကိုပျိုးထောင်၍ ပေါင်ခတ်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့်ကုန်ကျကြောင်း၊ မြှုပ်ခရမ်းသီးကို ငါးရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး စတင်ခူးဆွတ်ချိန်မှစ၍ အသီးကုန်ချိန်အထိ ၄-၅ လခန့်အထိ ခူးဆွတ်ရကြောင်း၊ တစ်ဧကလျှင် ပိဿာချိန် ၄၈၀၀-၅၀၀၀ ခန့်ထွက်ရှိရာ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက်ဆည်၊ စဉ့်ကိုင်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မန္တလေး)**

## ၉ - ၆ - ၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၄၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၇၁၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၁၀၀၀ | ၃၃၀၀၀ | ၃၁၀၀၀ | ၃၆၀၀၀ | ၂၁၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၈၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၇၀၃၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၈၃၀ | ၁၄၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | | ၇၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၄၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၆၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၉၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၇၅၀ | ၂၁၀၀၀ | ၆၉၅၀ | ၈၅၀၀ | ၁၈၀၀ | ၉၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၉၄၀၀ | ၂၉၀၀၀ | ၁၂၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၂၀၀ | ၁၈၀၀၀ | ၇၁၀၀ | ၁၀၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၅၀၀ | ၇၇၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၉၀၀၀ | ၇၂၇၅ | ၁၂၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၄၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၅၀၀၀ | ၃၄၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၀၀၀၀ | | ၁၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၃၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၇၀၇၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၂၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၁၀၀ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၈၀၀ | ၉၀၀၀ | ၃၇၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၁၀၀ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၁၀၀ | ၁၈၆၀၀ | ၆၈၈၅ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၄၀၀ | ၁၃၆၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၂၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၅၂၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၁၀၀ | ၁၈၈၀၀ | ၆၈၈၅ | ၁၆၀၀၀ | ၂၀၀၀ | ၁၀၆၀၀ | ၁၃၈၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ပုသိမ်အကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေး



**ပုသိမ် ဇွန် ၉**
ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်မိုးမိုးအေးသည် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်ထွေးထွေး၊ ပုသိမ်ခရိုင်တရားသူကြီး ဦးမြတ်စံတို့နှင့်အတူ ယနေ့ နံနက်ပိုင်းက ပုသိမ်အကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးနှင့် တာဝန်ရှိသူများသည် အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနေထိုင်သည့် အဆောင်များ၊ စားဖိုဆောင်နှင့် အကျဉ်းထောင်ဆေးရုံတို့ကို လှည့်လည်ကြည့်ရှု၍ ၎င်းတို့၏ ဥပဒေပါ အခွင့်အရေးများ ရရှိခြင်း ရှိ၊မရှိ၊ နေရာထိုင်ခင်း အဆင်ပြေမှု ရှိ၊ မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ၊ မရှိနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရ၊ မရ အခြေအနေများကို ကြည့်ရှုစစ်ဆေးမေးမြန်းပြီး လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများရှင်းလင်း



**ရန်ကုန် ဇွန် ၉**
ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄) အခွန်ဆိုင်ရာရှင်းလင်းပွဲကို ဇွန် ၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း စိမ်းလဲ့မေရိပ်သာလမ်းသွယ်ရှိ အဆိုပါရုံး၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄) ဌာနမှူး ဒေါ်အိအိခိုင်က ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းအခွန်ဆိုင်ရာ ရှင်းလင်းပွဲသို့ စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်ကြသည့် ကုမ္ပဏီ ၆၅ ခုမှ တာဝန်ရှိသူ ၁၂၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အာကာလင်း**

# ကျောက်တန်းမြို့နယ် သီလဝါပြည်တွင်းစက်မှုဇုန် (ချည်လုံးကုန်ကြမ်း) စက်ရုံတွင် အခြေခံမီးသတ်သင်တန်းဖွင့်

**ကျောက်တန်း ဇွန် ၉**
ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါပြည်တွင်း စက်မှုဇုန် "Xin Fa"(ချည်လုံးကုန်ကြမ်း) စက်ရုံတွင် အခြေခံမီးသတ်သင်တန်းဖွင့်ပွဲကို အဆိုပါစက်ရုံရှိ အစည်းဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်းက သင်တန်းဖွင့်ခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ သင်တန်းတွင် စက်ရုံဝန်ထမ်းသင်တန်းသား သင်တန်းသူ ၃၀ အား မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအတွက် ဇွန် ၉ ရက်မှ ၁၈ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။

**၂၀၉**



# ကျောင်းကုန်းမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**ကျောင်းကုန်း ဇွန် ၉**
ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေး ကြီးကြပ်မှုအဖွဲ့၏ ဦးဆောင်မှုဖြင့် အမှတ်(၂) ရပ်ကွက် မြို့မဈေးကြီးအနီး၌ ယနေ့နံနက် ၈ နာရီခန့်က အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့သည်။



အဆိုပါ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းမင်းဗိုလ်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးတင်ကို၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကြည်ကြည်မြင့်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ခေတ္တအမှုဆောင်အရာရှိ ဒေါ်မြမြသင်းတို့အဖွဲ့သည် ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် ဆန် ၁၀ အိတ်ကို တစ်ဦးလျှင် နှစ်ပြည်နှုန်းဖြင့်လည်းကောင်း၊ ဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၀၀ ဖြင့် ဆီပိဿာ ၂၂၀ အား တစ်ဦးလျှင် တစ်ပိဿာနှုန်းဖြင့်လည်းကောင်း၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၃၀ ဖြင့် ကြက်ဥအလုံး ၁၀၀၀ ကို တစ်ဦးလျှင် ၁၀ လုံးဖြင့်လည်းကောင်း ပြည်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း အိမ်ရှင်ဗီယက်နမ်ကို အရေးနိမ့်

**ရန်ကုန် ဇွန် ၉**
၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဇွန် ၉ ရက်က ဗီယက်နမ်နိုင်ငံ၌ စတင်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

အုပ်စုပထမနေ့တွင် အိမ်ရှင်ဗီယက်နမ်အသင်းက မြန်မာအသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပထမနေရာအတွက် အရေးပါသည့်ပွဲတွင် ဗီယက်နမ်ကို အရေးနိမ့်ခဲ့သဖြင့် ဒုတိယနေရာအတွက်သာ ကြိုးပမ်းရတော့မည်ဖြစ်ပြီး လက်ကျန်နှစ်ပွဲတွင် မဖြစ်မနေ အနိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် သူဇာအောင် (ဂိုး)၊ ယုယုနိုင်၊ ခင်မိုးဝင်း၊ နန်းချို့မွေး၊ နိုင်နိုင်ဝင်း၊ ဝင်းစန္ဒာ၊ ယဉ်လွန်းအိမ်၊ စန္ဒာလင်း၊ ယုယနိုင်၊ အေးအေးစိုး၊ ယမင်းဖြူတို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ပေးလိုက်ရသည့်နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

အုပ်စုပထမနေ့ အခြားပွဲတွင် ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ မလေးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို လေးဂိုး-ဂိုးမရှိ၊ လာအိုအသင်းက တီမောအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇွန် ၁၁ ရက်တွင် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သော်လေး**

# ပြည်မြို့နယ် ဘန့်ပြင်ကျေးရွာအုပ်စု၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ပြည် ဇွန် ၉**
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများအဖွဲ့က ပြည်မြို့နယ် ဘန့်ပြင်ကျေးရွာအုပ်စုမှ ပြည်သူများအတွက် ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဇော်နိုင်သန်းက မိမိတို့ဌာနမှ ပန်းခင်းစီမံချက်(၃) ဖြင့် ကျေးရွာအိမ်ထောင်စုဝင်များအတွက် အိမ်ထောင်စုလူဦးရေစာရင်း (ဖ၆) ပုံစံများနှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသူများ၊ အသက် (၁၀)နှစ်ပြည့်ပြီးသူများနှင့် အသက်(၁၈) နှစ်ပြည့်ပြီးသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်များကို ဥပဒေနှင့်အညီ ထုတ်ပေးဆောင်ရွက်လျက် ရှိပြီး စီမံချက်ကာလအတွင်း နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ ဝန်ထမ်းများက အဆိုပါကျေးရွာအုပ်စု၊ ကျေးရွာခွဲ ခြောက်ရွာမှ ပြည်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို နေ့ချင်းအပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**




# အမျိုးသမီးဖူဆယ်လိဂ်ပြိုင်ပွဲတွင် အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၉**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီက စီစဉ်ကျင်းပမည့် ၂၀၂၅ အမျိုးသမီးဖူဆယ်လိဂ်ပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် ပွဲစဉ်ရေးဆွဲပွဲကို ဇွန် ၉ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ယခုနှစ်အမျိုးသမီး ဖူဆယ်လိဂ်ပြိုင်ပွဲကို ဒုတိယအကြိမ်ပြုလုပ်မည်ဖြစ်ပြီး အသင်းသစ်တချို့လည်း ပါဝင်လာမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း၊ Pacific Sun Far အသင်း၊ Divine အသင်း၊ YRG အသင်း၊ မင်္ဂလာဒုံစီးတီးအသင်း၊ ရန်ကုန်စီးတီးအသင်း၊ Thunder Tigresses အသင်း၊ Winner Generations အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ကာ ပထမအကျော့ပွဲစဉ်များကို ဇွန် ၁၃ ရက်မှ ဇူလိုင် ၉ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**အလင်းအိမ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လွိုင်လင် - ဟိုပုံး - တောင်ကြီး ပြည်ထောင်စုကားလမ်းမအနီးတစ်ဝိုက်၌ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နမ့်စန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၉၀၁၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truk တစ်စီး၊ Dong Feng Tractor Head ငါးစီး၊ Mitsubishi Fuso Tractor Head တစ်စီး၊ Genlvon Tractor Head တစ်စီး၊ Shacman Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ရှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၈၉၀၁၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ဝ ဒသမ ၂၆၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ဇွန် ၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်း အမှတ်(4A, 45-1) ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၇ ဒသမ ၆၀၀ တန်၊ သစ်မာ ၃၁ ဒသမ ၅၇၅ တန်၊ အခြားသစ် ဝ ဒသမ ၇၇၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၁၆၅၅၉၃ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇွန် ၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၂၇ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၇၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၀၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၅၀၇၂၀၉၃) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်းမျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်

## အမျိုးသမီးတစ်ဦးအား တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ကြခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၉

အမျိုးသမီးတစ်ဦးအား တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ် (၂၀) ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ် နောင်ချိုမြို့နယ်နေ မ---- ၁၅/၂၀၂၅ နှစ်၏အလုပ်အကိုင်နှင့် ဝင်ငွေ အခက်အခဲဖြစ်ပေါ်နေမှုအပေါ် မှတဆင့်ငွေကြေးမက်လုံးပေး စည်းရုံးခေါ်ဆောင်ပြီး တရုတ်နိုင်ငံရှိ လူပွဲစားထံပို့ဆောင်ကာ တရုတ်ယောက်ျားထံ ပေးစား/ရောင်းစားရန် စီစဉ်လုပ်ဆောင်ခဲ့ကြသူများဖြစ်သည့် မခမ်းအိန် အမှတ်(၈) ပန်လုံ(၁)လမ်းကောင်းမူးတုံရပ်ကွက် မူဆယ်မြို့၊ စိုင်းမြင့်ဦး(ခ)အိုက်မြင့်ဦး(လိပ်စာတူ)၊ မဓိုးခေ(ခ) အိုက်လောဝ် (လိပ်စာတူ)နှင့် ကြည်ဝင်း(ခ)ခေးလျန်း(ခ)ကိုစိုင်း ဟိုမွန်းရပ်ကွက် မူဆယ်မြို့နေသူတို့အား မူဆယ်မြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ-၂၇/၂၈(က)/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။

မူဆယ်ခရိုင်တရားရုံးမှ ၂၀၂၅ ခုနှစ် ဇွန် ၅ ရက်တွင် တရားခံ မခမ်းအိန်၊ စိုင်းမြင့်ဦး(ခ)အိုက်မြင့်ဦးနှင့် မဓိုးခေ (ခ) အိုက်လောဝ် တို့ သုံးဦးအား လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေပုဒ်မ ၂၈ (က) အရ အလုပ်နှင့် ထောင်ဒဏ်နှစ် (၂၀) ကျခံစေရန်လည်းကောင်း၊ တရားခံ ကြည်ဝင်း (ခ) ခေးလျန်း (ခ) ကိုစိုင်းအား လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေပုဒ်မ ၃၇ အရ ထောင်ဒဏ် (၅)နှစ် ကျခံစေရန်လည်းကောင်း အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မဓိုး အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ ထုတ်ဆင့်အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၉

မြို့နယ်အချို့၌ ဇွန် ၈ ရက်က လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၈ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ပင်းဘောကျေးရွာအဝင် တံတားအနီး ရွှေဘို - မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်၌ ယာဉ်စစ်ပိတ်ဆို့ စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဟိုပင်မြို့မှ ပင်းဘောကျေးရွာဘက်သို့မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်နေ ဇွဇင်ကို (၂၉) နှစ် မောင်းနှင်လာသည့် YGN-17 4J/... TOYOTA KLUGER အဖြူရောင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ် ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဇွဇင်ကို အားလည်းကောင်း၊

အလားတူ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သလ္လာဝရပ်ကွက် ကျောက္ကာလမ်းဆုံ၌ မုံရွာမြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မုံရွာမြို့ မြတ်ရပ်ကွက်နေ အောင်ထွန်းနိုင် (၄၂) နှစ် မောင်းနှင်လာသည့် MDY 7M/... Hijet အဖြူရောင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့်ပတ်သက်သည့်အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် အောင်ထွန်းနိုင်အား လည်းကောင်း၊

အလားတူ မွန်းလွဲ ၁ နာရီ အချိန်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြိတ်ခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် ကလွင်ကျေးရွာအုပ်စု ဘိုးဘွားရိပ်သာလမ်းပေါ်၌ ရပ်တန့်ထားသည့် YGN-40 3G/... HON-DA FIT မော်တော်ယာဉ်ကို စစ်ဆေးခဲ့ရာ အဆိုပါယာဉ်မှာ မြိတ်တောင်ကျေးရွာအုပ်စုနေ ဖြိုးဇင်လတ် (၁၀) နှစ် ပိုင်ဆိုင်ပြီး လိုင်စင်မဲ့ မော်တော်ယာဉ် ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဖြိုးဇင်လတ်အားလည်းကောင်း အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## မြဝတီမြို့နယ်၌ ဆိုင်ကယ်ခိုးယူလာသူ အမျိုးသား သုံးဦးအား ဖမ်းဆီးအရေးယူထား

နေပြည်တော် ဇွန် ၉

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ ဇွန် ၈ ရက်က ဆိုင်ကယ်ခိုးယူလာသူ အမျိုးသား သုံးဦးအား ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က မြဝတီမြို့နယ် မြဝတီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် (၄) ရပ်ကွက်အရောက်၌ အဆိုပါရပ်ကွက်နေ ကောင်းမြတ်သူ (ခ)အကြီးကောင် (ခ) သားကြီး (၁၀) နှစ်၊ နေဝင်းနိုင် (ခ) အငယ်ကောင် (၄၄) နှစ်နှင့် အာကာဖြိုး (ခ) အာကာ (၂၅) နှစ်တို့ သုံးဦးသည် ဆိုင်ကယ်တစ်စီးတွန်းလာသည်ကို တွေ့ရှိရ၍ စစ်မေးရာ ဆိုင်ကယ်ကို ၎င်းတို့ပိုင်ဆိုင်ကြောင်း ပြောဆိုနိုင်ခြင်းမရှိဘဲ အဆောက်အအုံ တစ်ခုအတွင်းမှ ခိုးယူလာကြောင်း မသင်္ကာဖွယ် စစ်ဆေးတွေ့ရှိရသဖြင့် ကောင်းမြတ်သူ (ခ) အကြီးကောင် (ခ) သားကြီးပါသုံးဦးအား မြဝတီမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## ၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ မြန်မာနှင့် ပါကစ္စတန် ယနေ့ ကစားမည်

နေပြည်တော် ဇွန် ၉

၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအုပ်စု ဒုတိယနေ့အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် ပါကစ္စတန်လက်ရွေးစင်အသင်းသည် ဇွန် ၁၀ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယခုပွဲမှာ နှစ်သင်းစလုံးအတွက် အရေးပါသည့် ပွဲဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းသည် နိုင်ပွဲထပ်မံရယူနိုင်ပါက ခြေစစ်ပွဲအောင်မြင်ခွင့် မျှော်လင့်ချက်ပိုကောင်းလာမည်ဖြစ်သလို အဖွင့်ပွဲအရေးနိမ့်ထားသည့် ပါကစ္စတန်အသင်းမှာလည်း နိုင်ပွဲပြန်လည်ရယူနိုင်မှသာ ခြေစစ်ပွဲ အောင်မြင်ခွင့် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ ပါကစ္စတန် ဘောလုံးအဖွဲ့ချုပ်၏ တောင်းဆိုမှုကြောင့် ကွင်းပြောင်းလဲကာ မြန်မာအသင်းက အိမ်ကွင်းစတင်ကစားရခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းသည် အိမ်ကွင်းနှစ်ပွဲ ဆက်တိုက်ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။ မတ် ၂၅ ရက်က ကျင်းပသည့် အုပ်စုပထမနေ့တွင် မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရသော်လည်း ပါကစ္စတန်အသင်းမှာမူ အဝေးကွင်း၌ ဆီးရီးယားအသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပါကစ္စတန်အသင်းနှင့်ပွဲအတွက် မေ ၂၃ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး နိုင်ငံတကာခြေစမ်းပွဲ မကစားသော်လည်း မြန်မာယူ-၂၂အသင်း၊နိုင်ငံခြားသားကစားသမားများဖြင့် ဖွဲ့စည်းထားသည့် MNL All Stars အသင်းတို့နှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ကိုင်တွယ်နေသည်။

ညီမြတ်သော်တာ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/ A)၊ မေတ္တာလမ်း၊ မြေကွက်အမှတ် (၁၈၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်စုစန္ဒာထွန်း (၆/လလန (နိုင်) ၀၆၂၇၂၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်စုစန္ဒာထွန်း ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်** LL.B, အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/81347, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်နိုင်ဦး ၁၄/အမန(နိုင်)၁၀၅၃၇၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/02178, Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းရီ ၁/မကန(နိုင်) ၁၁၅၃၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/60267, Fekon-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်း ၉/မထလ (နိုင်) ၀၉၉၁၀၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/83558, ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မြင့် ၉/မလန(နိုင်)၁၁၂၂၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/3816 , ယာဉ်လက်ဝယ်ရှိသူ ဦးခန့်ဘိုဘိုကျော် ၇/ရတရ(နိုင်)၂၀၃၈၁၃ က (ကမ- ၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/32223 , ယာဉ်လက်ဝယ်ရှိသူ ဦးထက်ဝေယံဦး ၇/ရတရ(နိုင်)၁၉၇၆၆၃ က (ကမ- ၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ လက်ရွေးစင် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း Grade (11) တွင် ပညာသင်ယူနေသော မမိုးသော်ဇင် ၏ ဖခင်အမည်မှန်မှာ ဦးကျော်အောင် ၇/အတန (နိုင်)၀၁၈၇၉၆ ဖြစ်ပါ ကြောင်း။

**ဦးကျော်အောင်**

## မှတ်ပုံတင်နံပါတ်အမှန်

ပခုက္ကူမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ အောင်တောဇလမ်းနေ(ဘ)ဦးတင်ငွေ၏သား ဦးအောင်ကျော်ဦးကိုင်ဆောင်သော မှတ်ပုံတင်နံပါတ်အမှန်မှာ ၈/ပခက(နိုင်)၃၇၇၃၂၆ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အထက(၁)၊ Grade-12 မှ (ဘ)ဦးသိန်းဇော်၏သား မောင်မင်းခန့်ဇော်အား ယနေ့မှစ၍ မောင်အောင်ထက်ဟိန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် အ.ထ.က (ပင်းတလဲ) Grade-6 မှ မဆောင်းသဇင်လင်း ၉/ဝတန(နိုင်)၂၇၇၁၂၅ ၏ ဖခင်အမည်မှန်မှာ ဦးဝင်းဆောင် ၉/ဝတန (နိုင်)၁၈၂၉၂၅ ဖြစ်ပါကြောင်း။

**ဦးဝင်းဆောင်**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ နမ့်ဆီးကျေးရွာအုပ်စု(ကွင်း/အကွက်အမှတ်နှင့်အမည် ၁၃-ခ/နောင်ဗုတ်အနောက်မြောက်၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၄၃၁.၅၂)ကေ၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၁-က/ဖောင်တော်ဆိပ်တောင်၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၅ဒသမ၉၁)ကေ၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၁-က/ဖောင်တော်ဆိပ်တောင်၊ ဦးပိုင်အမှတ်(၅၄)၊ ဧရိယာ(၆ဒသမ၃၁)ကေ၊ ကွင်း/အကွက်အမှတ်နှင့် အမည် ၁၁-က/ဖောင်တော်ဆိပ်တောင်၊ ဦးပိုင်အမှတ် (၅၅)၊ ဧရိယာ(၂ဒသမ၀၆)ကေ၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၁-က/ဖောင်တော်ဆိပ်တောင်၊ ဦးပိုင်အမှတ်(၅၆)၊ ဧရိယာ(၉ဒသမ၁၉)ကေ၊ကွင်း/ အကွက်အမှတ်နှင့်အမည် ၁၁-က/ဖောင်တော်ဆိပ်တောင်၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၁ဒသမ၆၄)ကေရှိ ဦးခွန်ကျော်သူ ၁၃/တကန(နိုင်) ၁၃၉၁၅၁ အမည်ပေါက် ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးခွန်ကျော်သူ (ဖုန်း-၀၉-၅၂၁၀၃၁၂)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/59169, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မွန်မြတ်သူ ၇/ကပက(နိုင်)၀၉၇၁၇၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/90517, TARYAN -110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မိုးဇော် ၇/သကန(နိုင်)၁၀၃၅၈၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့**
**မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ရေကြည်မြို့၊ အောင်ဆန်းရပ်ကွက်၊ အကွက်အမှတ်(၅-က)၊ ရေကြည်မီးရထားမြို့ကွက်၊ ဦးပိုင်အမှတ်(၁၁၉-ဈ)၊ ဧရိယာ(၀.၀၄၇)ကေရှိ မြို့မြေကို ရေကြည်မြို့၊ ဗထူးရပ်ကွက်၊ ကျောင်းလမ်းနေ ဦးဝင်းကို မှ မြေပေးမိန့်လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါကတရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ရေကြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေကြည်မြို့**

## အထူးကိုယ်စားလှယ်လွှဲစာပါ လုပ်ငန်းများဆောင်ရွက်ပြီးကြောင်းကြေညာခြင်း

ဦးသန်းနိုင် (၁၂/မဂဒ(နိုင်)၁၃၀၄၉၇) က မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ (တောင်ဒဂုံစက်မှုဇုန်ဘဏ်ခွဲ) မန်နေဂျာအား ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂-၁၀-၂၀၂၃)ရက်စွဲပါ စာချုပ်အမှတ်(၂၁၂၁၁)ဖြင့် အထူးကိုယ်စားလှယ်လွှဲစာပေးအပ်ထားခဲ့ရာ ယနေ့အချိန်တွင် လွှဲအပ်ခံရသူအနေဖြင့် အဆိုပါ အထူးကိုယ်စားလှယ်လွှဲအပ်စာပါလုပ်ငန်းများအား အလုံးစုံဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ကိုယ်စားလှယ်လွှဲစာမူရင်းကို ပယ်ဖျက်ရေးအတွက် ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ တင်ပြမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းအိဇာ LL.B,D.B,L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ (၆၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၉၃၅၁၄၅၆၄**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေအမည်ပြောင်း လျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့၊ (၁၆)ရပ်ကွက်၊ အကွက်အမှတ်(၇+၈)၊ တိုက်တန်းငွေ့စီး၊ ဦးပိုင်အမှတ် (၁၂၂-ခ)၊ ဧရိယာ(၀.၀၅၄)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-
(က) အရှေ့လားသော် - ဦးပိုင်(၁၂၆)၊ (ခ) အနောက်လားသော်- ဦးပိုင်(၁၂၂-ဃ)၊
(ဂ) တောင်လားသော် - ကန်လမ်း၊ (ဃ) မြောက်လားသော် - ဦးပိုင်(၁၂၄-ခ)

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးထွန်းထွန်း မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါကကန့်ကွက်သူမရှိဟုယူဆပြီးလုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်၊ ရွှေသမင်ကွက်သစ်ရှိ မြေကွက်အမှတ်(၄၂၅)၊ ဦးပိုင်အမှတ်(၄၂၅)၊ မြေဧရိယာ (၀.၀၉၆)ကေရှိ မြေကွက်သည် မူဆယ်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၄-၄-၁၉၉၇)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၇၉/၁၉၉၇)ဖြင့် ဦးအိုက်စိုင်း ၁၃/မဆတ(နိုင်)၀၃၀၈၂၆ ထံမှ အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်၍ ကျွန်မ ဒေါ်ရန်ဆင်းကိုက် ၁၃/ကခန (နိုင်)၀၁၂၂၇၅ က ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။

ကျွန်မအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် အထက်ပါမြေကွက် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်စာချုပ်မူရင်းမှာ စွမ်စော်ရပ်ကွက်နေအိမ်တွင် ထိန်းသိမ်းထားရှိခဲ့ရာမှ နေအိမ်ပြောင်းရွှေ့စဉ်တွင် ပျောက်ဆုံးသွားသည်မှာမှန်ကန်ကြောင်း ကျမ်းကျိန်ခြင်းကို ကန့်ကွက်လိုသူရှိပါက (၁၅)ရက်အတွင်း အထောက်အထားဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ရန်ဆင်းကိုက်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၁၂)လမ်းနှင့် နှင်းဆီလမ်းမေးတင်တွင် တည်ရှိသော ဒေါ်လှညွှန့် အမည်ပေါက် မြေကွက်အမှတ် (M-၂၈)၊ ဒေါ်ခင်ဝင်းရီ အမည်ပေါက် မြေကွက်အမှတ် (M-၂၉)၊ ဒေါ်လှရီ အမည်ပေါက် မြေကွက်အမှတ် (M-၃၀)၊ ဒေါ်ကျင်စိန် အမည်ပေါက် မြေကွက်အမှတ်(I-၃၃)၊ ဦးအောင်မြင့်ထွေး အမည်ပေါက် မြေကွက်အမှတ် (I-၃၄)၊ တစ်ကွက်ချင်း အကျယ်အဝန်း အလျားxအနံပေ(၄၀x၆၀)အကျယ်ရှိ မြေကွက် (၅)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးနိုင်လင်းထွန်း (ဘ)ဦးအောင်နိုင် ၁၂/သလန(နိုင်)၁၁၄၄၂၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဇေလတ် (ဘ)ဦးခင်ဆိုင် ၁၂/ကတတ(နိုင်)၀၂၂၁၆၆ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူ သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးဇာနည် (LL.B,D.B.L, D.I.P.L) (စဉ် -၁၄၆၆၈)**

